
စိတ်ကူးချိုချိုအနုပညာ



# ဦးဝဇီရ

မဟာဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

mgyoe.com

# ရတနာပုံနေပြည်တော်သတင်းစာ



ရတနာပုံနေပြည်တော်သတင်းစာခေတ်ကပင်
သတင်းစာဆရာ၊ အယ်ဒီတာဖြစ်ပြီး ကဗျာလင်္ကာအရာတွင်လည်း
ပြောင်မြောက်စွာရေးဖွဲ့နိုင်လေသူ စာရေးဆရာကြီး
ဘိုးဝဇီရအား စာရေးဆရာကြီးမဟာဆွေကိုယ်တိုင် စုံစမ်းရှာဖွေကာ
ကိုယ်တိုင်တွေ့ဆုံ မေးမြန်းရေးသား ပြုစုထားသော
သမိုင်းမှတ်တမ်း ဘဝထုပ္ပတ်နှင့် ရှားပါးရှေးဂန္ထဝင်စာဋီကာ

# ဘိုးဝဇီရ

mhs0018
2300.00 Ks
mgyoe.com

mgyoe.com

ဘိုးဝဇီရ၊ မဟာဆွေ
မျက်နှာဖုံးပန်းချီ - မှတ်သုန်၊ စာမျက်နှာ ၁၉၉ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ နိုဝင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၇ ဒေါ်ကြည်ကြည်စာပေတိုက်၏ ဒုတိယအကြိမ်မူ။ (ပထမအကြိမ်-၁၉၃၂)

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဘိုးဝဇီရ

မဟာဆွေ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ဥယျောဇဉ် | ၅ |
| ၃။ | ဘိုးဝဇီရအား စုံစမ်းရှာဖွေပုံ | ၈ |
| ၄။ | အဘိုးကြီးနှင့် တွေ့ဆုံခြင်း | ၁၂ |
| ၅။ | စာဆိုတော်ဦးကြာရေးသော ပြောလေးချိုး | ၁၆ |
| ၆။ | ဦးဝဇီရရေးသော မိန်ရာသီ တပေါင်းဘွဲ့ | ၁၇ |
| ၇။ | ဘိုးဝဇီရ မွေးဖွားသည်မှ ကိုရင်ကြီးအဖြစ် | ၂၂ |
| ၈။ | ကျောင်းသားအရွယ် | ၂၃ |
| ၉။ | ဆိုပြသော ဇော်သီချင်း | ၂၅ |
| ၁၀။ | သာမဏေ ဖြစ်ခြင်း | ၂၆ |
| ၁၁။ | မြောက်ဘက်သံလွမ်းချင်း | ၂၇ |
| ၁၂။ | ကိုရင်ဝဇီရရေးသော မြောက်ဘက်သံ လွမ်းချင်းများ | ၂၈ |
| ၁၃။ | ပညာစွမ်း ပြရပုံ | ၃၁ |
| ၁၄။ | ကိုအောင်ထွန်းအပေးနှင့် ရေးသောစာ | ၃၃ |
| ၁၅။ | ဘုရားကြီးတိုက်တွင် ရှိစဉ် | ၃၄ |
| ၁၆။ | ကိုရင်ဝဇီရရေး—ခဲအိုမင်းသို့ပေးရန် မလေး၏ မေတ္တာစာ | ၃၄ |
| ၁၇။ | ဗေဒင်ပညာ လိုက်စားခြင်းများ | ၃၇ |
| ၁၈။ | ဦးချိန်နှင့် ကိုရင်ဝဇီရ | ၄၈ |


mgyoe.com

mgyoe.com
၁၉။ မင်းလှဖေယျာသူရေး–ဘုန်းတော်ဘွဲ့ လေးပိုဒ်ချိုး ၅၁
၂၀။ ရှေ့ဖတ်စာရေး၊ သတင်းစာအယ်ဒီတာ လုပ်ကိုင်နေပုံ ၅၈
၂၁။ စလူဘွဲ့ တေးထပ် ၆၀
၂၂။ စလူဘွဲ့ လေးပိုဒ်ချိုး ၆၀
၂၃။ သတင်းစာတိုက်ရောက်ပုံ ၆၁
၂၄။ ကိုရင်ဝဇီရလူထွက် မောင်ထင်ရေး–တောပု သတင်းစာ ၆၆
၂၅။ သတင်းထောက် မောင်စံမောင် ၆၈
၂၆။ မဆွဲမိ ကြိုးဆွဲချသေသော သတင်း ၇၀
၂၇။ လွှတ်စာရေးများ ၇၁
၂၈။ လခတိုးခြင်း ၇၃
၂၉။ သတင်းစာ တန်ခိုးကြီးပုံ ၇၇
၃၀။ မရွှေကွန် စိန်စားသေသော သတင်း ၇၈
၃၁။ ဦးသာအိုးသားနှင့် ခန်းပတ်မင်းကြီးသမီး ၈၀
၃၂။ မောင်မောင်လေးသို့ ရေးပေးသော မှာတမ်း ၈၁
၃၃။ မောင်ထင်ရေးသော နိဗ္ဗိန္ဒတေးထပ် ၈၃
၃၄။ နောက်တစ်ကြိမ်ရေးပေးသော မှာတမ်း ၈၅
၃၅။ မှာတမ်း ခေတ်စားပုံ ၈၇
၃၆။ သတင်းစာတိုက် အခွင့်အရေးရပုံ ၉၄
၃၇။ ရွှေကျီးမြင့် ဘုရားတိုင်ရတု ၉၆
၃၈။ မောင်ပြန့်နှင့် မယ်သင် စိန်စားသတင်း ၁၀၀
၃၉။ မိဖုရားခေါင်ကြီး နတ်ရွာစံခြင်း ၁၀၂
၄၀။ အရှင်မိဖုရားခေါင်ကြီးဘုရား နတ်ရွာလား မှာတမ်း ၁၀၃
၄၁။ မြင်းပေါ်က ကျသော ဆောင်းပါး ၁၀၉
၄၂။ မရွှေရင် စိန်စားသော ဆောင်းပါး ၁၁၁
၄၃။ ရတနာပုံနေပြည်တော် သတင်းစာ ၁၁၆
၄၄။ နန်းတွင်းအရေးတော် စလာပုံ ၁၁၉
၄၅။ မှာတမ်းများ ရေးပေးရပုံ ၁၂၂
၄၆။ မင်းတရားကြီး နတ်ရွာစံခြင်း ၁၄၂
mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၄၇။ | သီပေါမင်း နန်းတက်လျှင် | ၁၄၅ |
| ၄၈။ | နမူနာ–တပေါင်းလဘွဲ့ သံချို | ၁၄၇ |
| ၄၉။ | အသက် ၈၅ နှစ်တိုင် နေထိုင်ရခြင်းအကြောင်းများ | ၁၄၉ |
| ၅၀။ | ပြာသာဒ် မေတ္တာစာ | ၁၅၂ |
| ၅၁။ | ဗေဒင်မှတ်ဖွယ် | ၁၅၃ |
| ၅၂။ | ဘုန်းကြီးပျံ ငိုချင်း | ၁၅၈ |
| ၅၃။ | လခစားအလုပ် ငြင်းပယ်ပုံ | ၁၆၁ |
| ၅၄။ | ကျွန်းပင်ကြီး ပေါ်တော်မူဘုရား သံချို | ၁၆၁ |
| ၅၅။ | ဘိုးဝဇီရ ရေးသားကပ်လှူသော အရင်ညကင် ရတုပိုဒ်စုံ | ၁၆၄ |
| ၅၆။ | ရေတွင်းမေတ္တာစာ | ၁၆၇ |
| ၅၇။ | ခြေတော်ရာသမိုင်း | ၁၇၁ |
| ၅၈။ | နိဂုံး | ၁၈၅ |
| ၅၉။ | ဘိုးဝဇီရနှင့် မဟာဆွေ အထွေထွေ ဆွေးနွေးပုံ | ၁၈၇ |
| ၆၀။ | ရုပ်သေးအစ | ၁၉၂ |
| ၆၁။ | ဦးဝဇီရရေးသော ပဟေဠိလေးချိုးများ | ၁၉၅ |
| ၆၂။ | မဟာဆွေရေးသော ပဟေဠိလေးချိုး | ၁၉၆ |
| ၆၃။ | မဟာဆွေရေးသော နိဂုံးလေးချိုးကြီး | ၁၉၇ |
| ၆၄။ | မဟာဆွေ၏ ဖွားဇာတိပြ တေးထပ် | ၁၉၉ |


❐

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# နိဒါန်း

မြန်မာစာ ကြီးပွားတိုးတက်ပါစေသတည်း။
ရန်ကုန်မြို့ သူရိယသတင်းစာတိုက် ရုပ်စုံနှင့် မဂ္ဂဇင်းဘက်ဆိုင်ရာ
အယ်ဒီတာ ဦးသိမ်းမောင်၏ တောင်းပန်ချက်။

ရန်ကုန်မြို့
၁၂၉၄ ခု၊ ကဆုန်လဆန်း ၇ ရက်။

မိတ်ဆွေကြီးခင်ဗျား

ရှေး မင်းတုန်းဘုရင်မင်းမြတ်၏ စာပုံနှိပ်တိုက်တွင် သတင်းစာဆရာ အယ်ဒီတာကြီးအဖြစ် ဆောင်ရွက်ခဲ့ဖူးသော ပညာရှိကြီးတစ်ဦးဖြစ်သူ၊ ငယ်မည် ဆရာလွင်၊ အများသိကြ၍ ကျော်ကြားသောအမည် "ဦးဝဇိရ" သည် စစ်ကိုင်းနယ် ဆားတောင်မ–ငါးရွာတွင်ဖြစ်စေ၊ ကျောက်ပန်းရွာတွင် ဖြစ်စေ ရှိပါလိမ့်မည်။ မိတ်ဆွေကြီးမှာ စစ်ကိုင်းသားဖြစ်သည့်အတိုင်း အဆိုပါ ပုဂ္ဂိုလ်ကြီးကို သွားရောက်ရှာဖွေပြီးလျှင် ရှေးက ရေးသားခဲ့သမျှ ဆောင်းပါး၊ ကဗျာ၊ လင်္ကာနှင့် အတ္ထုပ္ပတ္တိအကျယ်အလုံးကို ရုံးပေါင်းကာ စာတစ်အုပ်လှလှဖြစ်မြောက်ရအောင် ကြိုးစားဆောင်ရွက်ရန် တောင်းပန်ပါသည်။ ကျွန်တော်၏ကိုယ်တိုင် ဦးဝဇိရရေးသော ဆောင်းပါးနှစ်ပုဒ်ကို ဖတ်ရှုဖူးရာ စာသားမှာ များစွာ ကောင်းမွန်၍ အနွံ့အပျောင်းတွင် စလေ ဆရာကြီး ဦးပုညထက်ပင် သဘောနှစ်ခြိုက်သဖြင့် လွန်ခဲ့သော ၄–၅ နှစ်ခန့်ကတည်း

mgyoe.com

mgyoe.com

က မြန်မာပြည်အရပ်ရပ်သို့ နှံ့စပ်အောင် စုံစမ်းခဲ့ပါသည်။ နောက်ဆုံး၌ စာတော်ပြန်ဌာနဆရာကြီး–ဦးရိပ်က ဆားတောင်ရွာတွင် ရှိကောင်းရှိမည်ဟု ပြောကြားသိရှိရသောကြောင့် ၉၄ ခု၊ မြန်မာနှစ်သစ်ကူးအတွင်း ဝတ်လုံတော်ရ ဦးမောင်ကြီးတို့ ရွှေဘိုနယ်သို့ခရီးလှည့်စဉ်က အတူပါသွားသူ သူရိယ အထူးသတင်းထောက် ဦးပုကလေးအား မှာကြားလိုက်ရာမှ ဦးဝဇီရသည် အသက်အရွယ် အိုမင်းလျက် ဆင်းရဲနွမ်းပါးစွာ နေထိုင်လျက် ရှိရှာကြောင်း သိရ၍ မိတ်ဆွေကြီးထံ အကြောင်းကြားရခြင်း ဖြစ်ပါ သည်။ အဘိုးကြီးမှာ သီပေါမင်းနှင့် အင်္ဂလိပ်မင်းကြီးစိုးမှ မင်းခစားမလုပ်တော့ဘဲ ဆားတောင်ရွာတွင် ခပ်ကုပ်ကုပ်နှင့် ဇာတ်မြှုပ်ပုန်းအောင်းသလိုနေရာ အဘိုးကြီး ကွယ်လွန်သွားပါလျှင် ၎င်းရေးသော ကဗျာလင်္ကာများလည်း အနိစ္စသဘောသို့ ရွေ့လျောပျောက်ပျက်ကုန်ပါလိမ့်မည်။ သို့ဖြစ်သောကြောင့် သုတေသန၊ သုတကာမ–သုတသန္တိစယတို့၏အကျိုးကို မျှော်ကိုးချိန်ဆကာ အစစ တွေးတောလျက် သဘောချင်းတူမျှသော မိတ်ဆွေရင်းဖြစ်သည်နှင့်အညီ အတည်တည် တောင်းပန်ချက်ကို ဆက်ဆက်ဆောင်ရွက်စေလိုပါသည် မိတ်ဆွေကြီးခင်ဗျား။

ကျန်းမာကြပါစေ
(ပုံ)သိမ်းမောင်

❐

mgyoe.com

mgyoe.com

# မဟာဆွေ၏ နိဒါန်း

အကျွန်ုပ်မှာ ဖော်ပြရာပါ ချစ်ဆွေကြီး ဦးသိမ်းမောင်၏ တောင်းပန်ချက်စာလွှာကို ရရှိသည်နှင့်တစ်ပြိုင်နက် ဝမ်းမြောက်ဝမ်းသာစွာ ဆားတောင်ရွာတစ်ခေါက်စုံစမ်းရန် ပင်ပန်းစွာသွားပြီးအပြန် တစ်ဖန် ကျောက်ပန်းရွာ၌ ဘိုးဝဇီရနှင့်တွေ့ရှိသောအခါ အဘိုးကြီးမှာ ရှေးဟောင်း ကဗျာလင်္ကာများ အရအမိများသော်လည်း ၎င်းကိုယ်တိုင်ရေး ဆောင်းပါးနှင့် ကဗျာလင်္ကာများမှာ လက်ခံမှုလည်း စုံလင်အောင်မရှိ၊ နုတ်ထက်၌လည်း အချို့တစ်ဝက် အပြည့်မရတော့သဖြင့် လိုအင်ရဖို့အတွက် အခက်အခဲ ကြုံတွေ့ရပါ၏။ ထို့နောက် အဘိုးကြီး ငယ်စဉ်ကရေးသော စာများ စုဆောင်းထားကြသူ မြန်မာပြည်အရပ်ရပ်၌ ရှိလိမ့်ဦးမည်ဟု ဦးသိမ်းမောင်အား အကြံတောင်းလေလျှင် ဦးသိမ်းမောင်ကိုယ်တိုင် ရန်ကုန်ပင်မမှနေ၍ ဆရာကြီးဦးရိပ်၊ မော်ပီဆရာသိန်းကြီးတို့၏ ထောက်ပံ့ချက်ဖြင့် စုဆောင်းရှာဖွေကူညီလေရာ အတော်များများ ရရှိသောအခါ ဘိုးဝဇီရကိုယ်တိုင်နှင့် သား ဘုန်းတော်ကြီး ဦးကဝိတို့ကူညီတည်းဖြတ်လျက် အတ္ထုပ္ပတ်အတွက်လည်း လိုရာမေးမြန်းစုံစမ်းပြီးလျှင် ဤစာအုပ်ကို ရေးသားရခြင်း ဖြစ်ပါသည်။

ထိုသို့ ရေးသားရာ၌ အတ္ထုပ္ပတ္တိက တစ်သန့်၊ တေးထပ် လေးချိုး ဆောင်းပါး ရတု စသည်တို့ကလည်း သူ့အကန့်နှင့်သူ ဖြန့်ချီရေးသားကြသော ရှေးကနည်းထုံးကို နှလုံးမူမိပါ၏။ သို့ရာတွင် ယခုခေတ် ယခုအခါ၌ ကဗျာချည်းသက်သက် ဝါသနာဖက်သူလည်းရှိ၊ ရှေးအတ္ထုပ္ပတ်နှင့် သရုပ်

mgyoe.com

mgyoe.com
ဇာတ်ပေါ်လွင်လေအောင် စကားပြေကို လှစ်မြွက်မှ နှစ်သက်သူလည်းရှိ ဖြစ်သဖြင့် သနစ်ကို တစ်မျိုးပြောင်းလျက် အကျိုးအကြောင်း ဇာတ်ရင်းတွင် ဆိုင်ရာကဗျာများ ညှပ်သွင်း၍ ဖတ်ရင်းပင် စိတ်နှစ်ခြိုက်အောင် သိုက်မြိုက်စွာ စီစဉ်ရခြင်း ဖြစ်ပါသည်။

ထိုသို့ စီစဉ်ရာ၌ စာအုပ်ကို သေချာစေ့ငုစွာ ဖတ်ရှုပါလျှင် ဗဟုသုတ ဟင်းလေးအိုးကြီးပမာ ကဗျာတွင်မက၊ မြားမြောင်လှသော ရှေးကအဖြစ် သနစ်တည်တည်နှင့် မြန်မာပြည်၏ ရာဇဝင်တွင် စာလင်္ကာလိုက်စားပုံ၊ ရွှေဘုံ ရွှေနန်း သိမ်းမြန်းစိုးအုပ် မင်းလုပ်သူအချင်းချင်း၏ အတွင်းရေးဖြစ်တတ် သည့်သဘော၊ ဤလောကသံသရာ၌၊ နာမ်ခန္ဓာနှစ်သက်သဖြင့်၊ ဖြစ်ပျက်ရ အမြဲ၊ ဓမ္မတာ သခေါ်ရပဲဟု၊ ယူစွဲသင့် အနိစ္စာ၊ ဘိဇ္ဇနဓမ္မောဘိဇ္ဇတိ၊ ပျက်တတ် ရင်းရှိသည်တို့ကို မိမိပိုင်နှင့် ကြယ်အဆိုင်– လသဖွယ်၊ မြန်မာ့နယ် မျှော်သူ အပေါင်းတို့ ကောင်းကောင်းကြီး မှတ်စရာ သွန်းလောင်းရင်း မေတ္တာဖြင့် ဤစာစောင်တစ်ဖွဲ့တစ်အုပ်ကို ချဲ့ထုတ်စီမံရခြင်း ဖြစ်ပါသတည်း။

မဟာဆွေ (စာရေးသူ)
ဝက်လက်မြို့
၁၂၉၄ ခု၊ ဝါဆိုလပြည့်နေ့။

❐

mgyoe.com

mgyoe.com

# ဥယျောဇဉ်

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ နေဝါလရောင်၊ ပြောင်ပြောင်စည်ထွန်း၊ ကြည်ကြည်ရွှန်း၍၊ ညွန်းအပ်သော ကျမ်းဂန်နှင့်၊ ဖြောင့်မှန်အညီ၊ လောကီ–လောကုတ္တရာ၊ နှစ်ဖြာအကျိုး၊ ပွားတိုးသီးသီး၊ ပြီးစီး အောင်မြင်ရာ၊ ဘူမျာဥက္ကဋ္ဌ၊ ပတိရူပဒေသအစစ်၊ ရန်မြစ်ကင်းဝေး၊ သန်းမမွေးသား၊ မန္တလေး ရတနာပုံမြို့တည်–နန်းတည်၊ နေခြည်လျှံလင်း၊ ဘုန်းကျိုးဝင်းသော၊ မင်းခေါင်မင်းဖျား၊ မင်းတရားကြီးသည်၊ ခြားသီးဝေဖန်။ အင်္ဂလန်ပြင်သစ်စသော တိုင်းကြီးသားတို့ အမလေ့၊ ကောင်းနိုင်သရွေ့ စံခင်း၍၊ မင်းမှုစိုးမှု၊ တိုင်းမှု–ပြည်မှု၊ အစုစုဌ္ဌ၊ ပြောထုပုံယင်၊ လူရှင်အများ၊ တိုးပွားပညာ၊ ဖြစ်စိမ့်ငှာဖြင့်၊ သတင်းစာတိုက်၊ သိုက်မြိုက် ဖြစ်ထွန်းစေတော်မူရာ၊ အမည်ပါ–ဘိုးဝဇီရကား၊ ပထမအရွယ်၊ ငယ်ပျိုစဉ် အခါကပင်၊ ကဝိဝစန၊ မုခမဏ္ဍနာ၊ ကဗျာဖွဲ့ဆိုမှုအရာဝယ်၊ နှစ်ဆယ်နှင့်သုံး၊ ပြစ်ကျုံးတင့်နေ၊ ကျိုးရေလည်းကောင်း၊ ဆယ်ဂုဏ်ပေါင်းဖြင့်၊ ကင်းကြောင်း တိထွင်၊ လင်္ကာဆင်နိုင်သော၊ စွမ်းအင်သတ္တိ၊ အထူးရှိသည်အားလျော်စွာ၊ ထိုသတင်းစာတိုက်သို့ ဝင်၍၊ စီရင်ခင်းကျင်း၊ သတင်းစာဆရာအဖြစ်ဖြင့်၊ အားသစ်ထမ်းရွက်ရသည်ဖြစ်ရာ၊ လောကာဓိပတိ၊ ရာဇာဓိဖျား၊ ကြွသွားနတ်ထံ၊ စံတော်မူသောလတွင်၊ ထိုအလုပ်မှ ထွက်၍၊ ကျေးလက်တောရွာ၊ စိတ်ချမ်းသာရာအရပ်သို့၊ မှီကပ်ပျော်မွေ့၍၊ ယနေ့တိုင် နေထိုင်လျက် ရှိလေသတည်း။

ပညာသုတ၊ သုဇနပုဂ္ဂိုလ်စစ်ကို၊ နှစ်သက်မြတ်နိုး၊ ခိုကိုးဆန္ဒ၊

mgyoe.com

mgyoe.com

သန္တဝအနေ၊ ရှိသေယှဉ်တွဲ၊ မှီဝဲဆက်ဆံခြင်းကို၊ လွန်မင်းစွာ အလေ့ရှိပါသော မဟာဆွေမည်သော လုလင်ပျိုသည်၊ ထိုဆရာကြီးရှိရာသို့၊ အခါခါ အခေါက်ခေါက်၊ သွားရောက်မှီခို၊ မေးဆိုပန်ထွာ၍၊ ထိုဆရာကြီး မိန့်ဆိုမြွက်ကြားချက်များကိုရရှိခဲ့သည့်အတိုင်း၊ အပိုင်းအကန့် သီးသန့်ပြီးကာ၊ ခြင်းရာအတ္တုပ္ပတ်နှင့်တကွ၊ မြတ်နန္ဒမူ၊ နတ်မှန်ကူက၊ မဉ္ဇူကုံးခိုင်၊ ရုံး၍ ပြိုင်သို့၊ အဆိုင်–အဆိုင်၊ ပိုင်ပိုင်သိမ်းပိုက်၍၊ ပုံရိုက်စာအုပ်၊ ပြုလုပ်အောင်မြင်ပြီဖြစ်ရာ၊ သုတာမယ၊ ဉာဏဖက်သစ်၊ ဥစ္စာနှစ်ကို၊ မလစ်သွေးချို၊ ရှာမှီးလိုကုန်သော၊ ထိုထိုတိုးပွား၊ အမျိုးသားတို့သည်၊ ပတ္တမြားစက်ကွင်းရတနာကို၊ လက်တွင်းမှာ သိပ်သိုရသကဲ့သို့၊ စိတ်လိုကျ သတိပြု၍၊ ကြည့်ရှု လေ့လာကြပါစေကုန်သတည်း။

ဆရာရိပ်

၂၆–၁၀–၃၂

ရန်ကုန်မြို့။

❒

mgyoe.com

mgyoe.com

## ၁၆-၁၁-၃၂ နေ့ထုတ် မြန်မာ့အလင်း သတင်းစာမှ ဝေဖန်ချက်

မြန်မာဘုရင်မင်းမြတ်လက်ထက် သတင်းစာ ထုတ်ဝေစဉ် ထည့်သွင်းရေးသားခဲ့သော ဆောင်းပါးအမျိုးမျိုးနှင့်တကွ အခွင့်ရရှိသည့်အလျောက် နောက်ရေးရှေးရေး မေတ္တာစာ မှတ်တမ်း တေးထပ်၊ သဖြန့်၊ ဒွေးချိုး၊ လေးချိုး၊ သံချို၊ ဒိုချင်း၊ ရတု၊ သမိုင်း၊ မြင်းကောင်းစိုင်းသို့ ဆိုတိုင်း ဉာဏ်ထွက်၊ ဘိုးဝဇီရရေးသမျှ လက်ချက်၊ ပြက်ပြက်ထင်ထင် ဖော်ပြပါရှိရာ ကျွန်ုပ်တို့မှာ ၎င်း၏ စာဆိုကောင်းသလောက် ထောက်ခံချက် ရေးသားရန် ဉာဏ်မရှိ သကဲ့သို့ဖြစ်၍–

စာရေးပုံ စလေနဲ့ကဲ့သို့၊ တသွေတည်းမှတ်ဖွယ်၊ ကဝေစွဲအတတ်ကြွယ်သည်၊ ဖတ်မပြယ်နိုင်စွ၊ ကဗျာမှု–ဝစနာ့ရှင်တယ်၊ ဆရာထင်–ဘိုးဝဇီရ၊ ဠပ္ပတ္တိကြောင်းရာဖော်၊ ကောင်းတာနော်–လွန်လှ၊ ပေါင်းကာ သော်–ညွှန်ပြလို့၊ သွန်ချတဲ့ မိုးနှယ်၊ "မဟာဆွေ" စုပေလစ်၊ မြတ်နှစ်–ဖိုးထိုက်ရှာတယ်။ ။ မြန်ဘုရင့် ကြင့်နန်းမကွယ်ခင်၊ ဆန်းတကြယ်–ကဗျာသွင်းပါလို့၊ စာသတင်း–ထုတ်ဝေစဉ်၊ ကုံးတဲ့စာယဉ်။ ။ ရေးသားသူ–သက်ရှိစဉ်ဝယ်၊ ထွက်သိအင်–မှတ်ကြောင်းမို့လေး။ ။

❒

mgyoe.com

mgyoe.com

## ပထမပိုင်း

### ဘိုးဝဇီရအား စုံစမ်းရှာဖွေပုံ

"တို့ကျောင်းတော်က စိန်ပန်းတော၊ အပျိုလေးတွေ လက်နှင့် ခေါလို့ ရွှေမုဋ္ဌောမှာတင်" ဟု ဋ္ဌော ကာရန်ကိုင်၍ ခူး ကို ခေါလို့ ရေးသောစာမျိုး၊ "ကဗျာလွှတ်ကသုတ် ကြောင်နှစ်ကောင်ထိုင်တဲ့ ရာဇဝတ်အုပ် မောင်မောင်ဆိုင်" စသည်ဖြင့် အသီးအသီးစပ်ဆိုကြသော စာပြောင် စာပြက်များမှ အရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်အဂ္ဂသမာဓိ၊ နဝဒေးကြီး၊ ꩻုင်သံခို၊ လှော်ကား သုံးထောင်မှူး၊ တွင်းသင်းမင်းကြီး၊ ရှင်ထွေး၊ ရှင်မင်း။ မြကလေး၊ ခင်ဆုံ စသော ရဟန်း–လူ–မိန်းမ–ပညာရှိ အသီး အသီးတို့ စပ်ဆိုကြသော ကဗျာလင်္ကာကောင်းများအထိ ရှာဖွေစုဆောင်းမှတ်သား နာယူလေ့ရှိသော အကျွန်ုပ်မှာ မိတ်ဆွေအယ်ဒီတာတစ်ဦးထံမှ ဘုရင့် အယ်ဒီတာ ရှေးသတင်းစာဆရာကြီးတစ်ဦး စစ်ကိုင်းမြို့ စီရင်စု ဆားတောင်မ– ငါးရွာတွင်ဖြစ်စေ၊ ကျောက်ပ န်ရွာတွင်ဖြစ်စေ ရှိပါလိမ့်မည်။ သွားရောက်စုံစမ်း၍ အဆိုပါ ပုဂ္ဂိုလ်ကြီး၏ အတ္ထုပ္ပတ္တိအကျယ်နှင့် မြန်မာဘုရင့် လက်ထက်က ရေးသားသော ဆောင်းပါးများစုဆောင်းပြီး စာတစ်အုပ်ရိုက်ထုတ်ရန် အကြောင်းဖြင့် တောင်းပန်စာတစ်စောင်ကို ရသည်နှင့်တစ်ပြိုင်နက် ဝမ်းမြောက်ဝမ်းသာစွာ လူလာတိုင်း မေးမြန်းစုံစမ်းနေရာ ဝက်လက်နယ် ပင်းစင်းရွာ–အငြိမ်းစား ရာဇဝတ်အုပ်မင်း ဦးပေါထယ်နှင့် တွေ့သောအခါကျမှ ဆားတောင်မ–ငါးရွာတွင် 'ဦးဝဇီရ' အမည်ရှိသော အဘိုးကြီးတစ်ယောက်ရှိကြောင်း၊ လောကီ

mgyoe.com

mgyoe.com

လောကုတ် အဟုတ်တတ်စွမ်း၍ ကျမ်းဂန်နှံ့စပ်ကြောင်း၊ ဗဟုသုတအလွန် လျှင် များပြားကြောင်း စသည့် သဲလွန်စကို ရရှိပါတော့သည်။

၁၂၉၄ ခု၊ ကဆုန်လဆန်း ၁၁ ရက်၊ (၁၅-၅-၃၂) ဝက်လက်မြို့ တောင်ဘက်၊ ဗိုလ်တဲကြီးဘေးက အနောက်စူးစူးသို့ စကားတပြောပြောနှင့် စက်ဘီးစီးနင်းကာ သွားရောက်ကြသော လူရွယ်သုံးဦးကား ကျွန်ုပ်နှင့်တကွ အဖော် ကိုသိန်းမောင်နှင့် ကိုစိန်မောင်တို့ ဖြစ်ပေ၏။ ကျွန်ုပ်မှာ ဒေသန္တရ ခရီး ထွက်ရာ၌ အလွန်ဝါသနာပါသူဖြစ်သည့်အတိုင်း ပျော်ရွှင်စွာ ထွက်ခဲ့ရာ ခေါ်တောရွာသို့ရောက်သောအခါ နောင်တော်ကြီးလက်ထက် နောင်တော် ကြီးနှင့် နပန်းလုံးကြသော ခေါ်တောရွာသား၊ သခွားယာခင်းရှင်တစ်ယောက် အကြောင်းကို အမှတ်ရမိပါကြောင်း၊ ထိုအလွန် တစ်မိုင်ခန့် စက်ဘီးစီးပြီး တစ်ဖန် လမ်းကြမ်းပြန်သဖြင့် မိုင်ဝက်ခန့် သဲလမ်းတွင် စက်ဘီးကိုတွန်းကြ လျက်လာကြရာ မကြာမီ မန်ကျည်းသုံးပင်စခန်းသို့ရောက်ပါကြောင်း။ ထိုကမှ လက်ဖက်ရေကြမ်းများသောက်၊ ရေမိုးချိုးပြီး အကြော်သည် မိန်းမကြီး ၏ 'ကျက်ကောင်း ကြိုးမလွတ်' ဟူသော စကားပုံတစ်ခု၊ ခရီးစဉ်နှင့် မဆိုင် သော်လည်း မှတ်သားကာ ထွက်ခဲ့ကြရာ တစ်မိုင်ခန့်တွန်း၍ သွားကြရပြန် ၏။ ထို့နောက် တစ်မိုင်ခန့်စက်ဘီးစီးပြီး ပင်းတာရိုးသို့ရောက်လျှင် မူးမြောင်း ဘေးတစ်လျှောက်မှ ညက်ညောစွာ စီးနင်းလျက် ခရီးပြင်းနှင်ခဲ့ရာ ပင်ပန်း သည့်သဘောကို မည်သူမျှ မစောမိကြသေးချေ။ နေမင်းသည်ကား မွန်းတည့် ဘက်သို့ မြင့်တက်လျက်ရှိစဉ် သရက်ကြီးရွာသို့ရောက်ရှိ၊ ထိုရွာကမှတစ်ဖန် စစ်ကိုင်းမှ ရွှေဘိုသွား ကားလမ်းဘက်သို့ဖြတ်သွားပြီး ဘုရားပြန်ပြွန်ဦးသို့ ရောက်သောအခါ ခေတ္တနားနေကြပါကြောင်း။ ခရီးမှာ ၈ မိုင်ခန့်ပေါက်ခဲ့၍ အချိန်ကား ၁၀ နာရီခွဲခန့်ရှိရာ ဆားတောင်သို့သွားရန် ၈ မိုင်ခန့်သာလိုတော့ သဖြင့် ကျောက်လမ်းဖြစ်၍ ခဏနှင့်ရောက်မည်ဟု အောက်မေ့ကြ၏။ သို့ရာ တွင် လေမင်းသည် ကျွန်ုပ်တို့အား အငြိုးထားသကဲ့သို့ တောင်အရပ်မှ ကျွန်ုပ်တို့ဆီသို့ ပက်ပင်းပါ တိုက်ခတ်လျက်ရှိရာ နေမင်းသည်လည်း မြူတိမ် ကင်းလျက် အစွမ်းကုန်ပူပြင်းကာ မွန်းတည့်ချိန်သို့ချဉ်းကပ်လျက် ရှိ၏။ ဝတ်ခဲ့သော အင်္ကျီသုံးထပ်လုံး ချွေးစိုလျက် တံခါးကျည်းလျှိုသလို စက်ဘီး လက်ကိုင်ကို ကိုင်ထားသော လက်များမှာ လေခတ်သဖြင့် နိုင်အောင် မထိန်း

mgyoe.com

mgyoe.com
နိုင်ဘဲ တစ်ခါ တစ်ခါ ဟိုဇော့–သည်ကွေ့နှင့်ဖြစ်၍ ခရီးနှစ်မိုင်လောက်မှာ သစ်ပင်ရိပ်တစ်ခုတွင် နားနေ ညည်းတွားကြရာမှ ဝါသနာအလျောက် ရေးစပ်မိသော တေးထပ်မှာ–

ဆန်းကဆုန် မိုးမရောက်ခင်မို့၊ ဖြိုးတဖြောက်မရွာ၊ ဆိုးကျောက်ဟုကမ္ဘာနာမှာ အရှာရှာပေါက်ဆဲ၊ နေမင်းက ပူပြင်းလောက်တယ်၊ လူချင်းတောင်ထိက တောက်စွဲ ။ ။ သည့်ကလောက် ပူတဲ့အင်ကို၊ ကူမယ့်ခင်မြင်ဘဲ၊ လူနွဲ့စင် မရှင်ဘဲပါလို့၊ ဘွင်အသဲ ညှို့ထင်၊ ချွေးပြိုင်ပြိုင်ယိုကာ စီးတာမတော့၊ လိုခရီးလမ်းခုလတ်တွင်။ ။ နေမွန်းတည့်ချိန်ချဉ်းစဉ်မှာ၊ တိမ်မင်းလွင်မြူတွေပျောက်ပါလို့၊ မြူလေနောက် ပက်ပင်းဆိုင်၊ တိမ်းမတ်မနိုင်၊ စက်ဘီးက လက်ကျည်းကိုင်တောင်၊ တက်စီးယိုင် ဇော့လဲလို့လေး။ ။

သို့နှင့်ပင် ပညာရှိကြီးတစ်ဦးတစ်ယောက်အား တွေ့မြင်လိုသော အာသာဆန္ဒဖြင့် မရရအောင်၊ မတွေ့တွေ့အောင် ရှာမည်ဟူသောသဘောဖြင့် မိတ်ဆွေများအား အားပေးကာ ခရီးဆက်ကြပြန်ရာ နေပူအားကြီးသဖြင့် စက်ဘီးတာယာများပင် ကွဲအက်လာပါကြောင်း။ အတော် ဝဖြိုးကျန်းမာသော ကျွန်ုပ်ပင်လျှင် အတော်ပင်ပန်းနွမ်းနယ်လျက်ရှိရာ ပိန်ပိန်ချည့်ချည့်စိတ်ရှိသဖြင့်သာ လိုက်၍လာရှာသော ကိုသိန်းမောင်အား ရောက်လုပြီ၊ နီးကပြီ ဟု အားပေး၊ ရယ်စရာကလေးများပြောသည့်အခါ ပြောနှင့်ပင် ခရီး ၃ မိုင်ခန့်ပေါက်သောအခါ လမ်းအရှေ့ဘက် မန်ကျည်းပင်ရိပ်တွင် စက်ဘီးတာယာများကို ရေအိုးစင်က ရေနှင့်လောင်းရင်း နားနေတုန်း၊ ကိုသိန်းမောင်တို့အား ပျော်တော်ဆက်အဖြစ်နှင့် ရေးခြစ်ထုတ်လိုက်သော လေးဆစ်တစ်ပုဒ်ကား–

ပညာရှိ–ကဝိတဲ့ ရှေးဆရာ။ ။ မြင်မြင်နိုးငယ်နှင့် ထင်ကိုးကာ ဆားတောင်ရောက်အောင်ပ၊ လောင်တောက်ချိန် နေပူထဲတွင် ခဲ၍သာလာ။ ။ မက်ကြီးစွာ အာသာစွဲသူမဖြင့်၊ စက်ဘီးမှာ 'တာယာ' ကွဲပါလို့၊ ညှာတာဘဲ ရဝိန္ဒာငယ်၊ ထိန်ဝါတဲ့ရောင်လင်း။ ။ သောဠသေ–တောရပ်ရွာမြေသို့၊ တာအရှည် မိုင်ခရီးကိုလ၊ စာကဝေကိုဆိုင်ကာ နီးတဲ့အောင်၊ စီးရဇ္ဇတ်တင်း။

အနည်းငယ် အမောပြေကြသောအခါ ကျောက်လမ်းပေါ်သို့ စက်ဘီးကိုတွန်းတင်ကာ စီးကြပြန်ရာ နာရီပြန်တစ်ချက်ခန့်အချိန်တွင် ဆားတောင်
mgyoe.com

mgyoe.com
မရွာ မြောက်ဖျားသင်းတွဲစု၊ ဦးစံမြ၏ ခေါက်ဆွဲဆိုင်သို့ရောက်ရှိ။ ခေါက်ဆွဲနှင့် လက်ဖက်ရည်ကြမ်းများ စားသောက်ရင်း စုံစမ်းရပါကြောင်း။

"ဆရာလွင်လို့လည်း ခေါ်တယ်၊ ဦးဝဇိရလို့လည်း ခေါ်တယ်၊ ပညာရှိကြီးတစ်ယောက် ရှိပါတယ်။ ဆားတောင်ထဲတွင် သူ့သမီးအငယ်ဆုံးနှင့်အတူ နေတာပဲ။ သည်မှာမရှိရင်လည်း ကျောက်ပန်းရွာသား ဘုန်းကြီးများဆီ နေကောင်းနေလိမ့်မယ်၊ အသက်ရှစ်ဆယ်ကျော်လို့ အိုလှပါပြီ"

"နို့ နေပါဦးခင်ဗျာ၊ ဘယ်လိုများ အသက်မွေးရှာပါသလဲ၊ သမီးက တောင့်တောင့်တင်းတင်းနဲ့ ကျွေးမွေးထားနိုင်ပါသလား"

"သမီးက မကျွေးနိုင်ပါဘူး။ အဘိုးကြီးဘာသာ အမွေမှုကလေးဆုံးဖြတ်ပေး၊ မော်ကွန်းရေးတဲ့အခါ ရေးနဲ့ ဖြစ်တတ်သလို ဆင်းဆင်းရဲရဲရှာကြံ စားသောက်နေထိုင်ရတာပဲ"

"တခြားက လူများ အဘိုးကြီးဆီ မလာကြဘူးလား"

"တယ်ကြီး မလာကြပါဘူး၊ တစ်နေ့က ၂၁ ဦး လူကြီးများ ကျွန်တော့်ဆိုင်မှာ ဦးဝဇိရအကြောင်း * မေးမြန်းရေးမှတ်သွားတာပဲ"

ဤကဲ့သို့ မေးမြန်းစုံစမ်းပြီးလျှင် ဆားတောင်မရွာ–ရွာစိုက်ရပ်ကွက် အဘိုးကြီး၏ သမီးအငယ်ဆုံး၏အိမ်သို့ စက်ဘီးစီးသွားကြရာ အခန့်သင့်ပင် တွေ့ရှိမေးမြန်းသောအခါ အဘိုးကြီးမှာ အရင်က အတူတူနေကြောင်း၊ ယခု သားများဆီမှာ လိုက်၍နေကြောင်းများကို ကြားရသည်နှင့် တစ်ပြိုင်နက် အားပြတ်ကာ များစွာစိတ်မအီမသာဖြစ်၍ သွားပါကြောင်း။ သို့ရာတွင် အဘိုးကြီး အသက်နှင့်ရှိသေးသည်ဟူသော သတင်းကိုကြားရလျှင်ပင် မျှော်လင့်ချက်များစွာရှိသေးရကား သားသမီး ၉ ယောက်နှင့် အဘိုးကြီး သမီးအငယ် "အသက် ၃၀ ကျော်အရွယ်" အား ကျွန်ုပ်တို့၏ ရည်ရွယ်ချက် အချို့တို့ကို ပြောပြကာ ရွာဝေးရပ်ကွက်ရှိ ကိုစိန်မောင်၏ အရိုးများအိမ်ဆီသို့ ထွက်ခဲ့ကြပါကြောင်း။ ကျွန်ုပ်တို့မှာ ရွာဝေးရပ်ကွက်တွင် တစ်နာရီခန့်မျှ လက်ဖက်ရည်ကြမ်း၊ ပဲလှော်၊ ထန်းလျက်၊ သရက်သီးတို့ကို စားသောက်

---

* ဝတ်လုံတော်ရ ဦးမောင်ကြီးတို့ ရွှေဘို ခရီးလှည့်စဉ်က အတူပါလာသော သူရိယသတင်းစာတိုက် အထူးကိုယ်စားလှယ်အယ်ဒီတာ ဦးပု ကလေး စုံစမ်းရေးမှတ်ခြင်း ဖြစ်၏။
mgyoe.com

mgyoe.com

နားနေပြီး ၃ နာရီခန့်အချိန် နေရှိန်ပူပြင်းဆဲမှာပင် ပြန်ခဲ့ကြရာ ဝက်လက်သို့ ည ၇ နာရီခွဲခန့်မှ ရောက်ရှိကြပါကြောင်း။

ဤသည်တို့ကား ပထမအကြိမ် ပင်ပန်းခြင်းဖြစ်ပါတော့၏။ ကျွန်ုပ်သည် သာမန်ပင်ပန်းရုံနှင့် "ဗာရာဏာသီဖွဲ့ခြင်း" မဟုတ်။ နေမပူ လေမလာဘဲ ဝက်လက်နှင့် ရွှေဘို ၁၆ မိုင်ခရီးကို သက်သက်သာသာ တစ်နာရီတည်းနှင့် ရောက်အောင်သွားခဲ့ဖူးပါ၏။ ထိုစဉ်အခါက ဝက်လက်အရိပ်ထဲမှာ ဖာရင်ဟိုက်ဒီဂရီ ၁၀၅° – ၁၀၆° အထိရှိခဲ့ရာ နေမွန်းတည့်အချိန် ပြင်းထန်သော တောင်လေနှင့် ဖီလာသွားကြရသော အကျွန်ုပ်တို့သည် အဘယ်မျှပူ၍ အဘယ်မျှလောက် ပန်းမည်ကို ခန့်မှန်းနိုင်တော့၏။ အိမ်သို့ ရောက်ကြသောအခါ ကျွန်ုပ်မှာ တစ်ရက်လုံးလုံး မထနိုင်တော့ချေ။ ကိုသိန်းမောင်လူပျော့မှာကား ၅ ရက်ခန့်မထနိုင်ဘဲ မျက်တွင်းဟောက်လျက် ကျန်တော့၏။ ကျွန်ုပ်လက်များမှာ နေပူရှိန်ကြောင့် ညိုမည်းပြီးလျှင် အလှပ်လှပ် အဖူးပေါက်ရာမှ ပိန်ချပ်ကွာကျလျက်ရှိရာ အရက် ၂၀ ခန့်ကြာမှ ပျောက်တော့၏။ ရွက်ထည်ဖိနပ်အတွင်းမှ နင်း၍ လိုက်ရသော ခြေဖျားများမှာကား ကြက်ကောင်ကို ရေနွေးအိုးအလုံးပိတ်၍ ပြုတ်ထားသကဲ့သို့ ဖြူဖပ်ဖြူရော်ဖြစ်ကာ အရေခွံအလှပ်လှပ်ကွာကျသည်မှာ တစ်လမျှ ခံစားရတော့၏။ ယခုအခါ၌ ကျွန်ုပ်တို့၏ပစ္စုပ္ပန်အကြောင်းဖြစ်၍ ဆွမ်းဆန်တွင် ကြွက်ချေးနှောဟူသကဲ့သို့ အရောရောအထွေးထွေး မထည့်သင့်ဟု ဆိုဖွယ်ရှိစေကာမူ ကျွန်ုပ်၏တစ်သက်၌ ယခုအထိ စာရှာရာတွင် ဤမျှမပင်ပန်းခဲ့ဖူးသော ဤအဖြစ်ကို ကျွန်ုပ်ကွယ်လွန်သည့်တိုင်အောင် မှတ်မိရန်အတွက် ကြားညှပ်၍မထည့်ဘဲ မနေနိုင်တော့ချေ။

## အဘိုးကြီးနှင့် တွေ့ဆုံခြင်း

၁၂၉၄ ခု၊ ကဆုန်လဆန်း ၁၃ ရက်၊ (၁၇–၅–၃၂) နေ့တွင် ညောင်နာနာဖြစ်နေသော ကိုသိန်းမောင်အား အတင်းဆွဲခေါ်ကာ ဝက်လက်သို့ နံနက် ၆ နာရီတစ်မတ်အချိန် ဆိုက်ရပ်သော အစုန်စာပို့ရထားဖြင့် စာရေးဘူတာသို့ လိုက်ခဲ့ပြီးလျှင် နံနက် ၈ နာရီခန့်အချိန် စာရေးဘူတာသို့ရောက်ရှိ၊ ၎င်းဘူတာမှ ၂ မိုင်ခွဲခန့် ခြေလျင်လျှောက်ခဲ့ကြရာ ၉ နာရီခန့်တွင် သံလမ်းအရှေ့ဘက်

mgyoe.com

mgyoe.com


အဘိုးကြီးသား ဘုန်းကြီးများနေသော ကျောင်းသို့ရောက်ကြပါကြောင်း။

ကျွန်ုပ်တို့မှာ ထီးပါလျက်နှင့် မဆောင်းနိုင်အောင် လေတိုက်လှသဖြင့် သံလမ်းအတိုင်း ပင်ပန်းစွာ လျှောက်ခဲ့ကြရ၏။ ဘုန်းတော်ကြီးအား ဝတ်ချပြီးလျှင် "အဘိုးကြီးကို တွေ့လိုကြောင်း၊ အဘိုးကြီး၏ကဗျာလင်္ကာများမှာ စံယူလောက်အောင် ကောင်းမွန်လှသဖြင့် အဘိုးကြီး၏ အတ္ထုပ္ပတ္တိအကျယ်နှင့် ရေးသားသော ကဗျာလင်္ကာများပါ စာတစ်အုပ်အဖြစ် ပုံနှိပ်ထားလိုကြောင်း" များ လျှောက်ထားရာ–

"အေး... အရင်ကလည်း ဘုန်းကြီးထဲက ၃–၄ ပါး၊ လူထဲက တစ်ဦး လာရောက်ဖူးတယ်။ သူတို့ထားတဲ့ကတိအတိုင်း တည်ပုံမရလို့ စာတစ်ပိုင်းတစ်စမှ မပေးလိုက်ကြောင်း၊ စာများကိုတော့ ရနိုင်ကြောင်း" များ မိန့်ဆိုသဖြင့်–

"တပည့်တော်တို့မှာ အဘိုးကြီး အသက်ကြီးပြီဖြစ်၍ အဘိုးကြီး အနိစ္စရောက်လျှင် အဘိုးကြီးရေးသားသော စာများ အနိစ္စရောက်မည်စိုး၍လာရကြောင်း၊ စာများအတွက် ပညာ၏တန်ဖိုးကို တပည့်တော်တို့ အလေးဂရုပြုတတ်ကြောင်း" လျှောက်ထားရာမှ နံနက်စာစားပြီး၍ အိပ်ပျော်နေသော အဘိုးကြီးကို ကျောင်းသားတစ်ယောက်အား အနှိုးခိုင်းပါကြောင်း။

ပိတ်အင်္ကျီ ရင်ဖုံး၊ ပိတ်လုံကွင်း ခပ်ညစ်ညစ်တို့ဖြင့် လက်တစ်ဖက်က စိပ်ပုတီး၊ လက်တစ်ဖက်မှ တောင်ဝှေးထောက်ကာ အရပ်အမြင့် ၅ ပေခန့်ရှိသော အဘိုးကြီးသည် မကြာမီ ကျွန်ုပ်တို့ဘေးနားတွင် ထိုင်လျက် ရှိလေ၏။ နားပြက်ကျယ်အကြားမှ နားထင်နဖူးရေ ဘွန့်လျက်ရှိသော ဦးခေါင်းသည် အထက်သို့ကားတက်လျက် ဦးနှောက်များများကို ဆောင်ထားပုံလက္ခဏာရှိ၏။ အရှည်တစ်မိုက်ခန့် ဆွတ်ဆွတ်ဖြူလျက်ရှိသော ဆံပင်တို့သည် နောက်ဘက် လည်ကုပ်အလယ်သို့ မရောက်တရောက် ဝဲလျက် ရှိ၏။ ရှုံ့တွတွန့်အိသော အရေအသားဖြင့် ဖုံးလွှမ်းလျက်ရှိသော မျက်နှာမှ နှာရောင်အလယ်အထက် နဖူးကျယ်တွင် ဖီလာတန်းလျက်ရှိသော အစင်းတန့် ၅ တန့်သည် သမာဓိနှင့် ပညာရှိလက္ခဏာကို ဆောင်လျက် ရှိ၏။ ဝါညိုရောင်ပြွမ်းလျက် နှုတ်ခမ်းနှစ်ခုအတွင်းမှ ထင်လင်းပေါ်ထွက်လာသော အထက်သွားနှစ်ချောင်းနှင့် အောက်သွားတစ်ချောင်းသည် ကျွန်ုပ်တို့ကဲ့သို့ ပျို့ရွယ်သူ

mgyoe.com

mgyoe.com
များအား သတိပေးလျက် ရှိလေ၏။ မောင်ဂိုလီယံ မျက်လုံးမျိုးမှာ အရေ၏ တွန့်ရှုံ့ခြင်းသတ္တိကြောင့် ကျဉ်းသည်ထက် ကျဉ်းကာ ဇရာကလည်း ဖိစီးသဖြင့် စိမ်းနီကြောင်ကျား မြင်ရရုံမျှ ကြည်လင်ခြင်းမရှိ၊ ပကတိ မြူသန်းသကဲ့သို့ မလန်းတလန်း ဖြူပြာလဲ့ဖြစ်၍ နေလေ၏။

"ငါ့မြေးတို့က ဘယ်ကလဲကွဲ့၊ ဘာကိစ္စနဲ့လာကြတာလဲ"

"ဝက်လက်ကပါ...၊ ဘိုးနဲ့တွေ့ချင်လို့ပါ၊ ဘိုးရဲ့စာတွေက သိပ်ပြီးကောင်းတာပဲ၊ အဲဒီစာတွေရယ်... ဘိုးရဲ့ အတ္ထုပ္ပတ္တိရယ် စာတစ်အုပ် ရိုက်ရအောင်လို့"

"ဘိုးမလည်း ဟိုကလာ–သည်ကလာနဲ့ အရွယ်ဟာက ကြီးလာတော့ ဒါတွေမပြောချင်လို့ စိပ်ပုတီးနဲ့ အေးအေး ချောင်ကုပ်နေတာပါပဲ"

ထိုအခါ၌ ကျွန်ုပ်တို့မှာ အဘိုးကြီး၏စာများအတွက် နောင်လာနောင်သား အကျိုးများမည့်အကြောင်း၊ ဤအခါသည် နောက်ဆုံးပြောခြင်းအဖြစ်နှင့် ပြောတော်မူရန် အကြောင်းများဖြင့် စီကာပတ်ကုံး တောင်းပန်ပြောဆို နှစ်ဦးနှစ်ဝ သဟဇာတဖြစ်ကြသောအခါ၌မူကား မှတ်သား၍ မကုန်နိုင်အောင် ပြော၍ပြသည်ကို မှတ်သားနာယူရပါကြောင်း၊ ထိုသို့ ပြောဆိုရာ၌ လူဦးမင်းနှင့် ဘိုးသူတော်ဦးမင်းတို့ စာစပ်မြန်ပုံကြောင်း ရောက်၍သွားရာ–

"ဒီလိုကွဲ့...၊ လူဦးမင်းက ဘိုးသူတော် ဦးမင်း စာစပ်မြန်လှတယ် ကြားဖူးတာနဲ့ တွေ့ကြတဲ့အခါ လူဦးမင်းကစပြီး စာချိုးလိုက်တာက–

"နေပူပူ၊ ဘိုးသူ ဘယ်ကိုမြန်းမယ်လို့၊ သိစမ်းချင်ကို့" လို့ ဆုံးလျှင် ဆုံးချင်း ဘိုးသူတော် ဦးမင်းက "တံတကာ ကြက်နန်းသပြေညာက၊ ဓေယျာမသာပို့၊ သွားမယ်လို့ ကို့" စပ်လိုက်သတဲ့၊ မမြန်ဘူးလားကွယ်။ တစ်နေ့တော့ သူတို့နှစ်ဦး လူဦးမင်းက လှေပွဲ့က– ဘိုးသူတော်ဦးမင်းက လှေဦးက လှော်ပြီး အင်းဝ၊ စစ်ကိုင်းကို ကူးကြတဲ့အခါ ရေထဲက ငါးကလေးတစ်ကောင် လှေဝမ်းထဲ ခုန်တက်ပြီး လှုပ်လှုပ်ရှားရှားဖြစ်နေတော့ လူဦးမင်းက "အသက်ကိုရွယ်၊ ကယ်ဆယ်ဖို့ငြား" လို့ စာချိုးလိုက်ရင်ပဲ ဘိုးသူတော်ဦးမင်းက လှည့်ကြည့်တဲ့ပြီး "ကြဲ့ပလေ တစ်ကောင်တည်း၊ ဖော်ကွဲတဲ့ငါး" ဟု ရုတ်ခြည်း စပ်လိုက်သတဲ့"

"လူဦးမင်းက ဘယ်ရွာသား ဇာတိပါလဲ ဘိုးရဲ့"
mgyoe.com

mgyoe.com

"မင်းတို့ လမ်းမှာတွေ့ခဲ့တဲ့ ခက်ခဘူတာက ခက်ခရွာသားကွဲ့။ အရပ်မနိမ့်မမြင့်၊ ကိုယ်ပြားပြား၊ မျက်နှာပြားပြား၊ စပ်စင်းပုဆိုး အမြဲဝတ်လေ့ရှိတယ်။ ပဝါကိုလည်း ပဲနပြားပေါင်း ပေါင်းထားတော့ သူ့မြင်တွေ့သူများမင်းထင်သက်ရှည်ဘွဲ့ခံ စာဆိုတော်လို့ ဘယ်သူမှ မထင်ကြဘူးလို့ ဘိုးရဲ့ဖခင် ပြောပြဖူးတယ်။ ဘိုးသူတော်ဦးမင်းကတော့ အရပ်မြင့်မြင့်၊ မျက်နှာလုံးလုံး၊ အသားညိုညိုကွဲ့။ ဘိုးတော်မင်းတရားကြီးသားတော် တောင်ငူစားမင်းသားရဲ့အမတ်၊ နောက် အသက်ကြီးမှ ဘိုးသူတော်ဦးမင်းလို့ တွင်တာပဲ၊ "ဟော... ငါ့မြေးများ ဗဟုသုတအတော်ရကြပါပေါ့လား" ဟု ကျောကိုလက်နှင့်သပ်လျက် ပြောပြရာ အဘိုးကြီး၏အတ္ထုပ္ပတ္တိအကျယ်နှင့် ကဗျာလင်္ကာပေါင်းများစွာ အလိုရှိသော ကျွန်ုပ်တို့မှာ အံ့အားမသင့်ဘဲ မနေနိုင်တော့ကြောင်း။

"သည့်ပြင် ဘယ်သူများ စာစပ်မြန်သလဲ ဘိုးရဲ့"

"ပထမ နဝဒေးကြီး 'စစ်ကိုင်းထောင်သင်း၊ စလင်းလက်ျာ၊ ပြည်မှာနဝဒေး" ဆိုတဲ့ပုဂ္ဂိုလ်၊ စစ်ကိုင်းထောင်သင်းမျိုးအဖြစ်နဲ့နေစဉ် ထမင်းစားနေတုန်း လူတစ်ယောက်က "ထောင်သင်းအိမ်၊ တင်းတိမ်နဲ့ဗျား" ဆိုပြီး မြင်းဒုန်းရိုက်ပြေးတာတောင် ထမင်းအပြည့်ရှိတဲ့ပါးစပ်နဲ့ "ရောင်ဖျင်း သိမ်၊ မြင်းပိန်နဲ့လား' လို့ ကြားအောင် အော်လိုက်သေးသတဲ့။ ပြီးတော့ ငါသေလျှင် ငါ့နာမည်ကို မင်းရလိမ့်မယ်လို့ ဘိုးသူတော်ဦးမင်းက ဗျာဒိတ်ပေးခံခဲ့ရတဲ့တပည့်၊ ပုဂံမင်းစာဆိုတော် ဦးဘိုးလွန်းလည်း ဘိုးသူတော် ဦးမင်းထက်နှစ်ဆလောက်မြန်သကွဲ့။ ဘိုးရဲ့သခင်ဆီက သိန္နီစော်ဘွားက ရွှေ ၁၀/-သားနှင့် ငွေခွက်တစ်ဆယ် ချေးငှားသွားတာနဲ့ နောက် အဲဒီ စော်ဘွားရာထူးကျရာက ပြန်ရတဲ့အခါ ဘိုးရဲ့သခင်ရယ်၊ အဲဒီဦးဘိုးလွန်းရယ် အတူတူသိန္နီလိုက်သွားကြတာကိုး။ စော်ဘွားကလည်း ရာထူးရခါစမို့ အိမ်ကောင်းအိမ်ခိုင်နဲ့ ဧည့်မခံနိုင်ရှာဘူး၊ အိမ်ပျက်မှာ နေရာချထားစဉ် ရှမ်းအမတ်ကြီးတုံးခမ်းနဲ့ သား ရွှေထားဗိုလ်-ရွှေထားကြယ်တို့ နှုတ်ခွန်းဆက်ရောက်လာကြတဲ့အခါ အို လူများက အဖိုးတန်၊ အိမ်စုတ်နဲ့ နေကြရှာသကိုး၊ ကျွန်တော်အိမ်ရင်လည်း ကြွပါခင်ဗျာလို့ စကားလောကွတ် ပြော၍ ဆုံးလျှင်ဆုံးချင်းဦးဘိုးလွန်းက-

mgyoe.com

mgyoe.com

"ခေါင်မဖုံး၊ ဆောင်လုံးတဲ့ ညွတ်လို့ယိုင်၊ ကျီးအက်ကြောင် ဝင်လို့၊ ကပြင် နေရောင်ကြောက်တယ်၊ ကြမ်းပေါက်က မြိုင်။ ဒေ့ကောင်းငယ်ထိုင်၊ အိမ်ခိုင်နဲ့မလဲ။ နောက်ဂေါယာ၊ ဖန်ဝါနေခြည်ခိုရတယ်၊ မင်းစာဆိုတဲ"

လို့ ချက်ချင်း စာချိုးလိုက်သတဲ့။ မြန်ပြီး မကောင်းဘူးလားကွယ်၊ အဲဒါမှ တကယ် စာဆိုမြန်တာကွဲ့."

"ဒါထက်... လေးချိုး ဘယ်နှမျိုးရှိပါသလဲ ဘိုးရဲ့"

"လေးချိုးဆိုတာ ပြောလေးချိုး၊ ဆိုလေးချိုးရယ်လို့ လေးချိုးကြီး နှစ်မျိုးသာ ရှိတယ်ကွဲ့."

"လွမ်းမမေ့နိုင်ဘု၊ ကျွမ်းကြွေ့လို့ ယိုင်ချေ့မယ်။ ခွန်းအစ ညွှန်းပြလျှင် မရှောင်လို့။ ဖေမောင်သွေလိမ့် နိုးငယ်နှင့်၊ စိုးတော့ရက်တယ်။ မှန်အိမ်မှာ ကံရှိန်တင့်ပေတဲ့၊ စံသိန်မြင့် ကြွယ်သူငယ်ကို၊ ခက်တယ်လို့ ရှောင်ပါဘူး။ ကယ်ပေါင်းငဲ့မို။ ကယ်ချောင်းလျှင် ဘယ်ချောင်ခိုလို့၊ ကြောင်ညိုကို ဘယ်ပုံနှင့် ရှန်းရမယ်၊ သုံးရွှေ့ကေမှူး"

ဟောဒါမျိုးကို စလေဆရာကြီးက လေးပုဒ်ချိုး ဘောလယ်လို့ ခေါ်တယ်ကွဲ့."

"မဟာကဗျာလေးချိုးကြီးဆိုတာကကော ဘိုးရဲ့..." (တစ်ပုဒ် ရွတ်၍ ပြသည်။)

"ဟာ... ဒါက လေးပိုဒ်ချိုး ဘောလယ်မျောကြီးပဲ၊ လေးချိုးကြီး အစစ် မဟုတ်ပါဘူး၊ နို့ပေတဲ့ကွယ် လောကပညတ်တွေကပဲ၊ မှားတယ်လို့ မဆိုသာ ဘူးပေါ့၊ အမှန်ကတော့ ဒီလိုကွဲ့..."

## စာဆိုတော် ✱ ဦးကြာရေးသော ပြောလေးချိုး

"မတူဘူး၊ လူထူးလေးတော့ ပါဝံ့နှယ်။ ။ မေရငယ်သိန်တိုင်၊ ဘိန့်အဆိုင်မှာ၊ မနိုင်ပတဲ့၊ လှမ်းလက် ကယ်မဲ့သူမို့၊ အကွဲ့ကိုလေ–ဆိုသားရဲ့ ရေမိတယ်၊ တစ်ထွေ တောင့်စုံအညီတွင်၊ သုံးတစ်လီသူပါကျ၊ အားကုန် လှတယ်။ ။ နာဂိငယ်ခွေသည်၊ အခြေနလျား၊ မီးကိုးပါးနှင့် ကျွန်းခြား

✱ ဘိုးတော်ဘုရားလက်ထက် ရေးသည့် လေးချိုး။

mgyoe.com

mgyoe.com

သည့်ခြုံ၊ အလေးရုံလည်း၊ လုံရှာတမုံ့၊ လေစမြို့နှင့်၊ ရေမုန့်ရယ်ရှယ်သည်။ စမ္ဗာယ်ပြုံးပြော့၊ ခွာအကော့။ ။ တင်းသွယ်တွေသည်၊ ဝင်းရေဘယ်စမ်း၊ ညာဘူးကမ်းနှင့်၊ မွေ့နွမ်းမျှည့်လျက်၊ စည့်အကျက်မှာ။ ဤစက်ကလွတ်အောင်၊ ဘယ်နဲနှင့်ရှောင်ပမယ်၊ အနောင်ကိုယ့် လွမ်းစင်ကို၊ အမြင်ငယ်ပျို မတိုးပါနှင့်၊ ကျိုးရှော့မပေါ့"

အဲဒါ ပြောလေးချိုးကွဲ့၊ ဆိုကြည့်–မဖြစ်ဘူး၊ အသံကို နားလည်ရတယ်၊ ကိုယ်တိုင်လည်း ဆိုတတ်ရတယ်။ အဓိပ္ပာယ် မနက်နဲဘူးလားကွယ်"

"ကျွန်တော်ဖြင့် နာဂံငယ်ခွေသည်ကစပြီး ဘာတွေရေးတယ်လို့ကို မသိပါဘူး"

"အေး... စာဆိုတော် ဦးကြာဆိုတာ နောင်လာနောင်သား အငြင်းပွားအောင် ရေးတဲ့နေရာမှာ ပထမတန်းပေါ့"

"နာဂံငယ်ခွေသည်၊ အခြေနလျားဆိုတာက ရှေးက သလွန်များဟာ နဂါးရုပ်ပတ်ခွေပြီး ခြေထောက်လေးချောင်းက နလျား "နယား" ရုပ်များ ထုလုပ်ထားတယ်ကွဲ့။ မီးကိုးပါးဆိုတာက နဝရတ်ကိုးပါးကို ဆိုလိုတယ်၊ ကျွန်းခြားသည့်ခြုံ အလေးရုံလည်းဆိုတာက ကျွန်းတခြား ကောဇ္ဇမ္ဗူရာဇ် စတဲ့ တိုင်းကဖြစ်တဲ့ ခြုံထည်များကို လေးအောင်ခြုံရုံထားတယ်လို့ဆိုတာ။ ခွာအကော့ဆိုတာက ခွာညိုပုန်း။ စမ္ဗာယ်ပြုံးပြော့ဆိုတာကတော့ ရှင်းသားပဲ၊ ဝင်းရေဘယ်စမ်း ညာဘူးကမ်းဆိုတာက ပြည်မြို့ နဝင်းချောင်းနဲ့ ဘူးကမ်းချောင်းဆိုတာကွဲ့...။ ဒီပြင်စကားတွေကတော့ လွယ်ပါရဲ့ကွယ်"

"ဆိုလေးချိုးဆိုတာကော ဘိုးရဲ့..."

### ဦးဝဇီရရေးသော မိန်ရာသီလတပေါင်းဘွဲ့ ဆိုလေးချိုး

နွေတပေါင်းပေမို့။ မြေသောင်းငယ် ဌာနီမှာ၊ ပြာအရီမြူငွေ့နှင့်၊ ပူလေ့ကို ဖန်ဘိပြန်တော့၊ ခံချိအောင်။ ။ မြရွက်ကယ်ရွှေဆံ၊ လေမခံသည်။ မြေယံလျှော့စု၊ အဆောနလို့၊ တောထုငယ်ဝေဆာ၊ ထွေအရာနှင့်၊ ရွှေညာဖူးခိုင်၊ ကွန့်မြူးဘဲလှိုင်ဆဲမှ၊ ညောင်စိုင်မြင့်ပန်းကြူဝယ်၊ လန်းမလူ ပွေဝန်ဓောငယ်နှင့်၊ မနောကြည်မလေ့နိုင်၊ သဲဆွေ့လို့လောင်။ ။ ရွှေသဘင်ငယ်၊

mgyoe.com

mgyoe.com
ငွေဇင်ရောင်ပွင့်၊ သောင်အမြင့်က၊ မောင်နှင့်မယ်စုံ၊ ငှက်အပုံလဲ၊ သက်လှုံသံညီ၊ တမာန်ဘီလို့၊ ညံစီကျူးညာ၊ တွန်ထူးဘဲသာကြတဲ့၊ ခါ အဆောင်ကို၊ ဗျာနှောင်ချည်ကြော့လို့ ဖြေမသင့်။ ။ သံကြူငယ်ထားဆို၊ နှစ်နားချိုတဲ့၊ ထွားပျိုရွယ်ခင်၊ နောင့်သက်ထင်လဲ၊ မရွှင်ပမ်းရှဲ၊ လွမ်းအငွေ့နှင့်၊ နွမ်းခွေ့ညှိုးငယ်၊ ပူမျိုးစုံ ကြွယ်လိမ့်မယ်၊ တစ်နယ်မြေစုံဆွေကို၊ ကံနှစ်ထွေလှုံချင်ဓာငယ်နှင့်၊ သောကတောင်ဆင့်။ ။

"ဒါ... ဘိုးရေးတဲ့ ဆိုလေးချိုးပဲကွဲ့၊ မှတ်ထား... အမြစ်သံနဲ့မှ ယဉ်တယ်"

"ဘိုးရဲ့စာမှာ မရွှင်ပမ်းရှဲလို့ 'ပမ်း' ကို မသတ်စပ်ထားတယ်၊ ကဝိလက္ခဏာဆရာကတော့ 'စားရေးသောက်ငန်း၊ လွန်ပင်ပန်း၊ စခန်းမီလှစေ' လို့ န သတ်ပြပါကလား"

"အဲဒါက ကြိယာ 'ပန်း' ကွဲ့၊ ဘိုးဟာက အဈ္ဈတ္တိက 'ပမ်း' ကွဲ့၊ ကဝိလက္ခဏာသံပေါက် ၁၇၉၃ ပုဒ်စလုံး ဘိုးနှုတ်ထက်ရပါတယ်"

"မဲဇာတောင်ခြေရတုမှာ 'ပွဲခါညောင်ရေ' အပိုဒ်ဟာ ရွှေဘိုမြို့ ညောင်ရေပွဲသွန်းပုံ၊ ရွှေကူကြီးဘုရားကို ဖွဲ့ထားတာဆို၊ ဟုတ်လား ဘိုးရဲ့"

"ရွှေဘိုမြို့မှာ ရွှေဂူကြီးဘုရားတစ်ဆူတည်း ညောင်ရေသွန်းသလား ကွဲ့၊ ဒီတစ်ချက်တည်း မင်းစဉ်းစားကြည့်လေ၊ ဘယ်ကလာပြီး ရွှေဘိုမြို့ ညောင်ရေသွန်းပုံ ဟုတ်မလဲ။ အမှန်ကတော့ ရွှေဘိုတောင်လက် ယခု မင်းတို့နေတဲ့ ဝက်လက်အနောက် မန်ကျည်းတုံ့ရွာသားဇာတိ၊ သက္ကရာဇ် ၁၀၈၉ ခုဘွား၊ ငယ်မည် ဦးမြတ်စံ၊ ဘွဲ့လက်ဝဲသုန္ဒြ၊ အဲဒီနေရာမှာလည်း လက်ဝဲဆိုတာ နားလည်ရဲ့လား၊ ဘုရင်မင်းမြတ်ဆီ ခစားတဲ့အခါ ဝဲဘက် ယာဘက်ကယ်လို့ သူ့ဘက်ကိုယ့်ဘက်၊ သူ့နေရာကိုယ့်နေရာ ရာထူးအလိုက် ခစားရတာ။ လက်ဝဲဘက်က အိမ်ရှေ့မင်း စတဲ့ အဆင့်အတန်းမြင့်သူများ ခစားရတာမို့ လက်ယာထက် သာတယ် မှတ်ထား။ အဲဒီအမတ်ဟာ ငထင်ကျော် အမှုနှင့်ပတ်သက်ပြီး မဲဇာအပို့ခံရရှာတယ်၊ ဧရာဝတီမြစ်အနောက်ဘက်က မဲဇာချောင်းဟာ အနောက်က အရှေ့ကို စီးဆင်းတယ်၊ မြစ်အရှေ့ဘက်က လည်း ရွှေလီမြစ်ဟာ တရုတ်ပြည်စပ်က စီးဆင်းတယ်၊ ဒါကြောင့် မဲဇာရွှေလီ လို့ ခေါ်တာပေါ့။ မဲဇာချောင်းရဲ့မြောက်ဘက်မှာ မဲဇာရွာငယ်ကလေး
mgyoe.com

mgyoe.com

ရှေးကတည်းက ရှိတယ်။ အဲသည် ရွာကလေးမှာ အမတ်ကြီးဟာ တဲငယ်နဲ့ နေရရှာတယ်။ စဉ့်ကူးမင်း လက်ထက် ကဆုန်လ ညောင်ရေသွန်းပွဲအခါ၊ ရွှေမြို့တော်ကြီး လွမ်းဆွတ်အမှတ်ရတာနဲ့ 'မဲဇာတောင်ခြေ– သဲသာ သောင်မြေ' အစချီတဲ့ရတု ၂ ပိုဒ်စပ်ဆိုပြီး တတိယအပိုဒ်အတွက် စဉ်းစားနေတုန်း မဲဇာရွာငယ်က မိန်းမအချို့ ဆွမ်းအုပ် ညောင်ရေအိုးတို့နဲ့ ရွာအနောက်ဆီကို သွားကြတာ အမတ်ကြီးမြင်တော့ ခေါ်တဲ့ပြီး–

"အမိငယ် ဆွမ်းအုပ်များနှင့် ဘယ်ကိုသွားမလို့ပါလဲ"

"မှန်ပါ ဘုရား...၊ ကျွန်မတို့ မဲဇာရွာအနောက်ဘက် တောင်ခြေပေါ်မှာ (လက်ညှိုးညွှန်လျက်) ရွှေကူတော်ဘုရားရယ်လို့ ရှိပါတယ်။ အဲဒီဘုရားကို နှစ်စဉ် ကဆုန်လတိုင်း ညောင်ရေသွန်းပွဲ ပြုလုပ်လေ့ရှိသဖြင့် ပွဲတော်ချိန်မို့ ယခုသွားခြင်းဖြစ်ပါတယ်ဘုရာ့" ဟု လျှောက်ထားသိရှိရတော့မှ တတိယအပိုဒ်–

ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်၊ ရွှေကူတော်နှင့်၊ ရှုတိုင်းတင့်သား၊ မိုးမြင့်သီခေါင်၊ မဲဇာချောင်က၊ တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းယှက်၍၊ ဝန်းကာဝေ့သည်၊ တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်၊ နှင်းလေရောရာ၊ မိုးမပါဘဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်ခဲ့၊ ယုဂန်ထင်ရှား၊ တောင်တော်ဖျားက၊ ရထားယဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်းစွ၊ တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု၊ စေ့ရေလှည့်လည်၊ တ–လျက် မြည်သည်။ ။ နေခြည်ဖြာမှ နွေးသောကြောင့်။ ။

ကို စပ်တာပဲ၊ မဲဇာရပ်သူ ဆိုပါကလား၊ ရွှေဘိုရပ်သူလို့ မဆိုပါပဲကလား။ သူ့အဓိပ္ပာယ်နှင့်သူ အရှင်းသားပဲကွယ်။ အဲ့ဒီအမတ်ကြီးဟာ အကျော် သုံးပါးရတဲ့သူကွဲ့၊ ဘာများလဲဆိုတော့ ပျို့ကဗျာ လင်္ကာရတု အရေးအသားမှာ ကျော်တစ်ပါးကွဲ့၊ တရားဓမ္မသတ် ကျွမ်းကျင်ခြင်းမှာ အကျော်တစ်ပါးကွဲ့၊ စစ်တုရင်ထိုးတဲ့နေရာ သူ့ကို နိုင်သူရှားလို့ အကျော်တစ်ပါးကွဲ့၊ ဒါ့ကြောင့် ဘယ်နေရာမဆို သုတများဖို့လိုတာပဲကွယ်"

ထိုကဲ့သို့ နှီးနှောပြောဆို မှတ်သားပြီးနောက် ဘုရင့်သတင်းစာ

mgyoe.com

mgyoe.com

အယ်ဒီတာလုပ်စဉ်က ဆောင်းပါးများ၊ ကိုရင်ဝတ်နှင့်နေစဉ်က ရေးသားသောစာများကို စုံစမ်းသောအခါ ဆောင်းပါးအတွက် (ရှေးအခန်းများတွင် ဖော်ပြထားသော) စိန်စားတစ်ပုဒ်၊ တောပုသတင်းတစ်ပုဒ်၊ မြင်းပေါ်ကျ တစ်ပုဒ်မျှသာရှိသဖြင့် အဘိုးကြီးမှာလည်း အချို့အဝက်သာရသောကြောင့် ဆောင်းပါးအတွက် အခက်အခဲ တွေ့ရပြန်၏။ ထိုနေ့အတွက် ဤမျှလောက်နှင့်ပင် လက်စသတ်၍ ဝက်လက်သို့ပြန်လာပြီးလျှင် အဘိုးကြီးရေးသားသောစာများကို သိမ်းဆည်းထားလေ့ရှိသော မြန်မာပြည်အရပ်ရပ် အနယ်နယ်သို့ စာနှင့်သော်လည်းကောင်း၊ လူလွှတ်၍လည်းကောင်း၊ စုဆောင်းရပါကြောင်း။ ထိုထိုကူညီကြသော ပုဂ္ဂိုလ်များအနက်၊ ဆောင်းပါးအများဆုံး စုဆောင်းပေးပေသော သူရိယသတင်းစာ တိုက်ရုပ်စုံနှင့် မဂ္ဂဇင်းအယ်ဒီတာ ဦးသိမ်းမောင်အား အထူးကျေးဇူးတင်ပါကြောင်း။ ကျွန်ုပ်မှာ ၃–၄ ကြိမ် ကျောက်ပန်းသို့ သွားရောက်မေးမြန်း မှတ်သားပါသော်လည်း မပြည့်စုံနိုင်သည့်အတွင်း အဘိုးကြီး၏ ၉ နှစ်၊ ၁၀ နှစ်ရွယ် မြေးကလေးတစ်ယောက် ဆားတောင်မရွာတွင် အနီးစွရောက်နေပြန်သဖြင့် ကျောက်ပန်းမှ ၁၆ မိုင်သာသာဝေးသော ဆားတောင်မသို့ လှည်းတစ်စီးနှင့် အဘိုးကြီး လိုက်သွားပြန်သောကြောင့် အသက်ကလည်းကြီး၊ လှည်းစီးရသည်ကလည်း ခရီးရှည်၊ မြေးကလေး၏ပရိဒေဝက တောက်လောင်မည်ဖြစ်ရာသော အဘိုးကြီး အတွက် များစွာ စိုးရိမ်ပူပန်မိပါကြောင်း။ ဘုရား ဘုရား၊ ဤကဲ့သို့ အတ္ထုပ္ပတ္တိများကို လိုက်ဆဲ အဘိုးကြီးများ လိပ်လဲသွားလျှင် အခက်ပဲဟု အောက်မေ့ကာ တစ်စုံတစ်ရာ မဖြစ်ပါစေနှင့်ဟု ဆုတောင်းရတော့၏။ သား ဘုန်းတော်ကြီး ဝက်လက်သို့ နှစ်ခေါက်ကြွလာပြီး အကျိုးအကြောင်း နှီးနှောတိုင်ပင်ကာ

---

အမှာ။ ။ အထက်ပါ မဲဇာရပ်သူတစ်ယောက်အား မေးမြန်းသည်ကို ထောက်သဖြင့် အမတ်ကြီးမှာ မဲဇာတွင် တစ်နှစ်ပြည့်အောင် နေရဟန်မတူ၊ တစ်နှစ်ပြည့်အောင် နေရက လွန်ခဲ့သောနှစ်ကလည်း ညောင်ရေသွန်းပွဲ တွေ့ကြုံမည်ဖြစ်၍ နောက်နှစ်၌ မေးဖွယ်လိုမည်မထင်ချေ။ ၎င်းပြင် ဘိုးတော်ကောင်းမှု၊ တည်ထားပြုသည် ဟူသော လက်ဘပိုဒ် အရ၊ စဉ့်ကူးမင်းလက်ထက် ပြန်၍ခေါ်သည်ကား ထင်ရှားလှ၏။ အမရပူရမြို့တည်နန်းတည် ဘိုးတော် မင်းတရားကြီးက လက်ဝဲသုန္ဒရ အမတ်ကြီး၏သား ဦးအေးအား၊ အေးအေး–အေးအေးဟု ခေါ်လေ့ရှိရာ အဆိုပါ ဦးအေးကို ဘိုးဝဇီရ၏ ဖခင်မင်းလှရာဇာ ကောင်းစွာ မီလိုက်၊ တွေ့မြင်လိုက်သဖြင့် အဘိုးကြီး၏စကား နိုင်မာသည်ဟု ယူဆသင့်၏။

mgyoe.com

mgyoe.com
အဘိုးကြီးအား ဆားတောင်မှ ခေါ်ယူခဲ့ရန် လျှောက်ထားရက်ချိန်းလိုက်ပြီး နောက် ၁၂၉၄ ခု၊ နယုန်လဆုတ် ၆ ရက် (၄–၆–၃၂) နေ့၊ ကျွန်ုပ်၏ဇနီး နှင့်အတူ ကျောက်ပန်းသို့ လိုက်သွားပြီးလျှင် အဘိုးကြီးနှင့်ဘုန်းကြီးပါ ကူးတန်သည်ကိုကူးလျက် စာများကို တည်းဖြတ်နေရရာ ခြောက်ညဥ့် ခုနစ်ရက်ကြာမှ အတော်ပြည့်စုံပြီ ဖြစ် သဖြင့် ဝါဆိုလဆုတ် ၁၂ ရက် (၃ဝ– ၆–၃၂) နေ့ ညရထားနှင့် ပြန်ခဲ့ရပါကြောင်း။ ဘုန်းတော်ကြီးမှာ ကျွန်ုပ်တို့အား အထူးပြုစုစောင့်ရှောက်ပါသော်လည်း ကျွန်ုပ်တို့လိုချင်သော အစား အသောက်မှာမူကား စိတ်ကူးမိခဲ့သည့်အတိုင်း လွယ်လင့်တကူ မရသဖြင့် အစားအသောက်၊ အနေအထိုင်အစ ခပ်သိမ်းဆင်းရဲခြင်း၊ ဇနီး ခင်ပွန်း နှစ်ယောက်စာကို တစ်လှည့်စီကူး၍ တည်းဖြတ်ရခြင်း၊ စာများကိုလည်း ကောင်း၊ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ညဥ့်အချိန်ပါ တည်းဖြတ် မေးမြန်း အချိန်လုရသောကြောင့် ကျောင်းဝင်းထဲတွင် တည်းခိုရခြင်းဖြစ်ရာ ဗုဒ္ဓဘာသာ ဖြစ်၍ ကျပ်တည်း၏။ ဤမျှ တွေ့ဆုံပုံအကျဉ်းဆုံးရေးပြီး၍ ရှေ့သို့ စာမျက်နှာ တိုးတော့အံ့။

❒

mgyoe.com

mgyoe.com

## ဒုတိယပိုင်း

### ဘိုးဝဇီရမွေးဖွားသည်မှ ကိုရင်ကြီးအဖြစ်အထိ အတ္ထုပ္ပတ္တိ


မြန်မာသက္ကရာဇ် ၈၀၀ ကျော်ခန့် အချိန်အခါက တောင်တွင်းကြီးမြို့ မြောက်ဘက် 'သီလာစာရာဘိဓဇ' ဘွဲ့မည်ရှိသော ဆရာတော်ဘုရား သီတင်းသုံးတော်မူသည့် 'ရတနာဗိမာန်' ကျောင်းအောက်တွင် ကကြီး ခခွေးမျှ မသင်ဖူးသေးသော ၇ နှစ်အရွယ်သူငယ်နှစ်ယောက်အနက် တစ်ယောက်က–

"ဟေ့... မောင်ညို၊ ငါ့မှာ မြေကြီးထဲက ခ အဲ ရပြီ" ဟုဆိုရာ အခြားတစ်ယောက်ကလည်း "ဟေ့... မောင်ဥက္ကာ၊ မင်းမှာတော့ မြေကို တူးမှ ခ–အဲ ရသည်ကို မပြောလာပါနှင့်၊ ငါ့မှာ မြေကိုမတူးဘဲ ကျောင်းတိုင် ထဲက စ–အူးကလေးတစ်ခုရတယ်" ဟု အချင်းချင်း ပြန်ပြောနေကြရာမှ ကျောင်းနေဆရာတော်က ခ+အဲ=ခဲ။ စ+အူး=စူးဟု ဗျည်းနှင့် သရကွဲအောင် ပြောတတ်လှသည်ကိုလည်းကောင်း၊ "အောက်ချင်း ရင်သွေး၊ ဥက မွေး သည်၊ ကွေးလေးငှက်ယော်၊ သနားဖွယ်" ဟု ဆရာတော်စပ်ဆိုသည်ကို ကစားနေကြရာက "အောက်ချင်းခေါ် ငှက်၊ ဥမှထွက်သည်၊ နုညက် အတောင်၊ ပိတုန်းရောင်" "အောက်ချင်းငှက်အောက်၊ ဥမှပေါက်သည်၊ တောင်ရောက်နုနယ်၊ သနားဖွယ်" ဟု ဆရာတော်၏စာကို ပြင်၍ စပ်ဆို ကြခြင်းကိုလည်းကောင်း များစွာ ချီးမွမ်းအံ့သြရသော သူငယ်နှစ်ဦးတို့ အနက် မောင်ဥက္ကာမှာ ရှင်ဥတ္တမကျော်ဖြစ်၍ မောင်ညိုမှာ ရှင်မဟာသီလ ဝံသပုဂ္ဂိုလ်ကျော်များ ဖြစ်တော့၏။ ထိုပုဂ္ဂိုလ်ကျော်တို့ကား ဘဝပါရမီ မည်မျှရင့်သန်သည်ကို စုံအောင်ချီးမွမ်းခြင်းမပြုနိုင်က အပြစ်ဖြစ်မည်စိုးလှ၍

mgyoe.com

mgyoe.com

မချီးမွမ်းဝံ့တော့ပေ။ ထိုပုဂ္ဂိုလ်ကျော်တို့နှင့် အရာဌာနတိုင်း၌ တူညီသည်ဟု မနှိုင်းယှဉ်သင့်သော်လည်း ပိဋကတ်နှင့် ကဗျာလင်္ကာတို့မှာ ပါရမီအခြေခံရှိမှ ပြည့်စုံကြောင်း စံနမူထုတ်၍ ပြခြင်းမျှဖြစ်ရာ မြန်မာသက္ကရာဇ် ၁၂၁၀ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့နံနက် နေ့တစ်ချက်တီးကျော် ဗုဒ္ဓဟူးနေ့တွင် အဘ ပုဂံမင်းလက်ထက် သေနတ်စာရေးကြီး မင်းလှရာဇာ၊ ငယ်မည် ဦးထွန်း၊ အမိ သေနတ်စာရေးကြီးကတော် ဒေါ်ခိုတို့မှ ဖွားမြင်သော မောင်လွင် အမည်ရှိ သူငယ်ကလေးသည်ကား ငယ်စဉ်က မှတ်သားထားခြင်း မရှိ၍ အထက်ပါ ပုဂ္ဂိုလ်ကျော်တို့ကဲ့သို့ ပညာဉာဏ် ရင့်သန်သည် မရင့်သန် သည်ကို မသိနိုင်သော်လည်း နှောင်းကဗျာများကို ကြည့်ရှုခြင်းအားဖြင့် ကဗျာဉာဏ် မည်မျှလောက် ရင့်သန်သည်ကို နှိုင်းချိန်နိုင်တော့၏။




**မောင်လွင်၏ဇာတာ**

ကျောင်းသားအရွယ်

အမရပူရမြို့တော် ပုထိုးတော်ကြီး အရှေ့တောင်ဘက် သရက်သုံး ပင်ရပ်တွင် မင်းလှရာဇာ၏ နေအိမ်တည်ရှိရာ ယခင် သူငယ်မောင်လွင်သည် ၄–၅–၆ နှစ်အရွယ်သို့တိုင်သောအခါ တစ်ခွန်းပြောစကားကို တစ်ခါကြား

mgyoe.com

mgyoe.com
ရုံနှင့် မမေ့အောင် မှတ်သားနိုင်လေ၏။ အချို့ စာပေဝါသနာပါသော ပုဂ္ဂိုလ်များ ရွတ်ဆိုကြသည်ကို တစ်ခါကြားရလျှင် မှတ်သားမိလေ၏။ မင်းလှရာဇာကိုယ်တိုင်ကလည်း မြန်မာမှုဗဟုသုတ၊ ပျို့ကဗျာ–ရတု–ရကန်တို့ကို ဝါသနာပါသူဖြစ်သဖြင့် အိမ်သို့အလည်လာသော စာဆိုတော်များ၊ လွှတ်တော်စာရေးကြီးများနှင့် လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့ရင်း ဗဟုသုတနှင့်ပတ်သက်၍ ပြောဆိုနေကြလျှင် မောင်လွင်မှာ လူကြီးများအနားသို့ ကပ်ကာ သေချာစွာ နားထောင်မှတ်သား၍ လူကြီးများပြန်သွား၍ ဖခင်က မေးသောအခါ ယခင်ပြောဆိုကြပုံအတိုင်း ပြောဆိုနိုင်လေ၏။ ရှေးအခါက ကလေးသူငယ်များကို အသက် ၉ နှစ်၊ ၁၀ နှစ်အရွယ်ကမှစ၍ ပညာသင်ကြားပေးလေ့ရှိကြ၏။ ထိုအလေ့အထများ ယခုထက်တိုင် တောရွာများတွင် တွေ့ရှိနိုင်သေး၏။ မင်းလှရာဇာသည် မိမိသားငယ်အရွယ်ကလေးတော်တော်ကြီးလျှင် အိမ်တွင် သင်ပုန်းကြီးနှင့် မင်္ဂလသုတ်၊ လောကနီတိ၊ ပရိတ်ကြီး၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမကာရ စသော ရှေးကျောင်းသားငယ်များ သင်ရိုးသင်တန်းစာများကို ပါဠိနိဿျ အဓိပ္ပာယ်နှင့်တကွ သင်ကြားပေးလေ၏။ နောဇကနောနှင့် ရွေးမှူးပဲစသော မြန်မာတွက်ရိုးတို့ကိုလည်း သင်ကြားပြီးသည့်နောက် မောင်လွင်၏အသက် ၁၃ နှစ်သို့ရောက်သောအခါ အမရပူရမြို့တော် မြောက်ဘက် (ယခု မန္တလေးမြို့အနောက်ပြင်) ခံပင်ကန်ရွာအနီး ဆောက်လုပ်ပြုပြင်ဆဲဖြစ်သည့် ခံပင်ကန်တိုက်၊ မင်းလှရာဇာ၏ညီအရင်း အရှင်ဇာဂရထံ အပ်နှံ၍ သဒ္ဒါကြီး၊ ကစ္စာယနဘေဒသဒ္ဒါငယ်၊ ဝစ္စဝါစကသဒ္ဒါငယ်၊ ဝိဘတျတ္ထသဒ္ဒါငယ်တို့ကို နှုတ်တက်ရွရွ နည်းနာကျနစွာ အဓိပ္ပာယ်ရတ္ထနှင့်တကွ သင်ကြားစေလေ၏။ ထိုသို့သင်ကြားနေစဉ်မှာပင် ကျောင်းနေသံဃာအချင်းချင်း ပြောဆိုကြသော ဗဟုသုတအမှတ်အသား၊ ကဗျာလင်္ကာများကိုလည်း မှတ်သား ဆည်းပူးလေ့ရှိလေ၏။

တစ်ညသန်းခေါင်ကြား ဘထွေး အရှင် ဇာဂရထံကပ်ပြီး ကိုသာဗျောရုပ်သေးကြည့်ရှုပါရစေ ခွင့်တောင်းရာ၊ 'အိမ်း–ကြည့်ချေ' ဟု ခွင့်ပြုတော်မူသောကြောင့် သွားရောက်ကြည့်ရှုပြီး နောက်တစ်နေ့နံနက်သို့ရောက်သောအခါ–

mgyoe.com

mgyoe.com


"မောင်လွင် မင်းညက ပွဲကြည့်တာ ဘာများမှတ်မိခဲ့သလဲ"

"တပည့်တော် ရုပ်သေးစင်အောက်က နားထောင်ရင်း ကိုသာ ဗျောဆို သော ဇော်သီချင်းနှစ်ပုဒ် မှတ်မိခဲ့တယ် ဘုရာ့"

"ဆိုပြစမ်း"

## ဆိုပြသော ဇော်သီချင်း

(၁) ဆံခွေလိပ်ကယ်နှင့်၊ မုတ်ဆိတ်–မုတ်ဆိတ် နီရောင်၊ ကျင်စွယ်မွေး–ကွေးလို့ ထောင်၊ ရှည်ပမြိုင်း–မှိုင်းလို့မှောင်၊ ထယောင်–ထိုင်ယောင်၊ မြိုင်ချောင်ရွှေကူရိပ်မှာ၊ ကျောက်လုံးကိုသာ နှိပ်လို့၊ သိပ်ထည့်ကာ–ကြိတ်ထည့်ကာ၊ ဇော်ဖေကြီးမှာ ချွေးစီးဖြာလို့၊ သူမောပုံနော်ဗျ–ပိုလိုက်ထား၊ မြိုင်ဝမှာ။ ။

(၂) မြစိမ်းငယ် တောင်ညိုညိုက၊ မင်းဇာထိုမောင်–ဇာထိုမောင်၊ သန်လျက်ကယ် စိန်ပြောင်ပြောင်နှင့်၊ ပင်သူယောင်ဖူးကိုလေ၊ ဆွတ်ခူးကာ နော်ဗျ၊ ဆောင်ပွေ့ယူ၊ တောင်ကွေ့ငူ။ ။

"သည် သီချင်း မောင်သာဗျောဆိုတာ မဟုတ်လားကွဲ့"

"ဟုတ်တယ် ဘုရာ့။ ဘယ့်နှာဘုရား၊ မင်းသားက ဇော်က ကတာလည်းမဟုတ်၊ ဇာတ်အိမ်ဇာတ်ကွက်နဲ့ ထီးသံနန်းသံဆိုရမှာ ဇော်သီချင်းဆိုပါကလား ဘုရာ့"

"အိမ်း–ထီးထဲနန်းထဲ ထီးသံ–နန်းသံဆိုရမယ်ဆိုတာ မှန်တယ်။ သည်လိုကွဲ့... မောင်သာဗျောက သီချင်းအဆိုကောင်း၊ အသံကောင်း၊ ထီးမှုနန်းမှု အလွန်ပါလွန်းလို့ နန်းတွင်းသူများ ကြိုက်အားကြီးကြတာနဲ့ သာဗျောစင်မြို့တွင်းမှာ မကရ၊ သီချင်းဆိုရင် ထီးသံနန်းသံနှင့် မဆိုရလို့ အမိန့်တော်ထုတ်တာနှင့် စလေဆရာကြီး ဦးပုညဆီ ရေးပေးပါ တောင်းပန်လို့ စလေဆရာကြီးရေးပေးတဲ့ ဇော်သီချင်းကွဲ့ မှတ်ထား"

မောင်လွင်သည် နောက်တစ်ညသွား၍ ကြည့်သောအခါ၌လည်း ဦးသာဗျောရုပ်သေးစင်က ကွန္တတိဿ–မဟာတိဿတို့ဇာတ်၊ မုဆိုးနှင့်ကိန္နရာမရ၍ သားနှစ်ယောက်ဖွားပြီး ကိန္နရာမတိုင်းပြည်သို့ ပြန်မည်လုပ်ပြီး ခဏ ခဏ သားနှစ်ယောက်၏ သံယောဇနကြောင့် အထက်မှ ဆင်းလာလိုက်

mgyoe.com

mgyoe.com


တစ်ဖန် အထက်သို့ပျံတက်လိုက်နှင့် အပြန်အလှန် ငိုကြွေး အပူတိုက်နေကြရာ 'ကိုသာဗျော' မှဆိုးက အမယ်လေး မယ်ကိန်ရဲ့၊ မင်း ရက်စက်ပါပေ့ကွဲ့၊ သားကြီးသားငယ် ဖြူနှစ်သွယ်တို့ကို ဘယ်သူလွယ်လို့ ကျွေးပါ့မလဲကွဲ့ မယ်ကိန်ရဲ့၊ မင်းတို့မိန်းမများမှာတော့ ခြေရှည်တယ်၊ သွားချင်ရာ သွားနိုင်တယ်၊ ကျုပ်တို့ယောကျ်ားဆိုတာကတော့ ခြေတိုမျိုးကွဲ့ဟု စကားဖန်ထိုးပြီးနောက်–

တစ်လတွင် မပျော်ချက်၊ အရက်က လေးဆယ်၊ ခက်စရာ့ဆွေးဖွယ်မှာ၊ အေးတယ်ဖြင့် မတွေ့၊ ခုဖြစ်တဲ့မှုပုံကို။ လူ့ဘုံမှာငြီးလှပေါ့ မေ့။ ။လောကကို စိတ်နာတယ်၊ တစ်ဆိတ်စာ မမွေ့၊ ကြာလေလေ–နေသရွေ့တွင်ဖြင့် တစ်နေ့မှ မကြည်၊ လူမြင်ရင် အမူလုပ်ပါလို့၊ မပူရပ် ပြုံးရပါတော့သည်။ ။ ယိုလှလှ မျက်ရည်ငယ်၊ ရက်ရှည်သာ အို သွေးလို့၊ ကိုယ်ရေးကိုယ်သာမြင်၊ လေးတဲ့ရွှေရင်။ ။ မတိတ်တမ်း နှစ်ကိုယ်ယှဉ်တယ်၊ ပြိုင်ငိုချင်စမ်းပါဘိလေး။

အထက်ပါတေးထပ် ဆိုလိုက်လျှင် ပရိသတ်များ ငြိမ်၍ နားထောင်ပုံတို့ကိုပါ ဘထွေးဆရာအား ပြန်၍ လျှောက်ထားရာ–

"အိမ်း–ငါ့တူတော့ အလွန် မှတ်ဉာဏ်ကောင်းပေတာပဲ၊ အဲသည်တေးထပ်လည်း ကိုပုညရေးပေးတဲ့ တေးထပ်ပဲကွဲ့ မှတ်ထား"

## သာမဏေဖြစ်ခြင်း

မောင်လွင်မှာ ဤကဲ့သို့ ဘထွေး အရှင်ဇာဂရထံ စာပေသင်ကြားဗဟုသုတများ မှတ်သားနာယူပြီးနောက် ၎င်းခံပင်ကန် (ယခု ခင်မကန်)တိုက် ဦးပဏ္ဍိတ ထံ သဒ္ဒါကြီးတစ်ထပ်၊ သင်္ဂြိုဟ်၊ အဋ္ဌသာလိနီ အဋ္ဌကထာတို့သင်ကြားစဉ် အသက် ၁၆ နှစ်အရွယ်၌ သာမဏေပြုလေ၏။ ထိုအခါ၌မောင်လွင်၏ဆရာ အရှင်ပဏ္ဍိတသည် သာမဏေအား ဗုဒ္ဓဟူးသားဖြစ်သည်တစ်ကြောင်း၊ ဝရဇိန်လက်နက်ကဲ့သို့ ပညာဉာဏ်ထက်မြက်သည်တစ်ကြောင်းတို့ကြောင့် 'ဝဇီရ' ဟု ဘွဲ့အမည်ပေးလေသတည်း။

ကိုရင်ဝဇီရသည် ဦးပဏ္ဍိတထံမှ တစ်ဖန် ခံပင်ကန်တိုက်မှာပင် အရှင်ဦးကိတ္တိ "နောက်လက်သစ်ရပ် ဂိုဏ်းထောက်ဆရာတော်" ထံမှာလည်း

mgyoe.com

mgyoe.com

သဒ္ဒါကြီးတစ်ထပ်၊ ဂန္ဓာဘရဏ သဒ္ဒါငယ်တို့ကို တက်ရင်း အနီးရှိ စကု တိုက်ကျောင်း "မုနိန္ဒာဘိသိရိပဝရဘွဲ့တံဆိပ်တော်ရ" ဆရာတော်ဘုရားကြီး ဦးမုနိန္ဒထံ သဒ္ဒါကြီးတစ်ထပ်၊ ညဝါပုဒ်စစ်၊ ပရိတ်ကြီးဋီကာ စာကိုယ်နှင့် တကွ လိုက်နာလေ၏။

တစ်ဖန် မေဃဝတီ ဆရာတော်ဘုရားထံ ဋီကာကျော်–ပုဒ်စစ် ညဝါ၊ နည်းလေးဆယ်တို့ကို သင်ကြားလိုက်နာ၍ ခွေးချိုတိုက်သို့ ပဉ္စာလ ငါးမြို့ ဇာတိ ဦးဓမ္မထံ ဘေဒစိန္တာသဒ္ဒါငယ်၊ ကစ္စာယနသာရ သဒ္ဒါငယ်တို့ကို ခံပင်ကန်တိုက်က သွား၍လိုက်ပြီး ၎င်း ခွေးချိုတိုက် ဦးမေဓာထံတွင် ဆန်းအလင်္ကာတို့ကို သင်ကြားနေစဉ် တေးထပ်–အချိုး–လင်္ကာရတု စသည် တို့ အလွန်ဝါသနာပါလှသဖြင့် သာမဏေအချင်းချင်း၊ ရဟန်းတော်များပင် ချီးမွမ်းအံ့သြရအောင် အစပ်အဟပ်၊ ကာရန်ဝါကျ ဂုဏ်ပသာဒနှင့် ပြည့်စုံလှ စွာ ရေးစွမ်းနိုင်ပေကြောင်း။

တစ်နေ့သ၌ ဆရာတော် ဦးပဏ္ဍိ(မကြာမီ ခင်မကန်တိုက်အုပ် ဆရာတော်ဖြစ်၍ ကဝိလက္ခဏာဒီပနီဆရာ၊ ဝန်ထောက်မင်း ဦးဖြိုးကိုးကွယ် သော ဘုန်းကြီးဖြစ်သည်) က ဟေ့ မောင်ဝဇီရ၊ ဟောသည် လွမ်းချင်းမျိုး တစ်ပုဒ် ငါ့ရှေ့တွင် ရေးစမ်းကွယ်ဟု ဦးပဏ္ဍိကိုယ်တိုင်–

မြောက်ဘက်သံ လွမ်းချင်း

တစ်ခါလိုက်ခဲ့တော့၊ စရိုက်ကယ် ဘာသာ၊ တို့တောရွာမှာ၊ စားစရာ ဆန်ထမင်းမှာလ၊ မုယင်း နီတျာနှင့်၊ *သီတာရောတဲ့ ချိန်ကို လေး။ ။ ခတ်ဟင်းချိုမှု၊ ယုန်ကိုပြက်ပြက် ကင်၊ ငါးကြင်း ဂုံမင်း ဖက်လို့၊ ငါးပျက်ကဲ့ရောရည်၊ လောရွှေပီနှင့်၊ ပတီရုံ–ဖြုန်းစပ်ကာ ကျိုပြီးလျှင်၊ ဆီးချိုပင့်ရိပ်သာမှာ၊ နှစ်မျက်နှာ ယှဉ်ပြိုင်ပြုံးလို့၊ သုံးရ အောင်လေး။

ဟု ရေးစပ်၍ပြလေလျှင် တင်ပ့ါ–ရေးတတ်ပါသည်ဘုရားဆိုပြီး ပုရပိုက်နှင့် ကဲ့ကူဆံကိုကိုင်ကာ ဟောဒါမြို့က တောကို လွမ်းပုံ ဘုရားဟု

* သီတာ–စပါးတစ်မျိုး

mgyoe.com

mgyoe.com


လွမ်းချင်းတစ်ပုဒ် ရေးပြရာ ဆရာတော်မှာ အလွန်သဘောကျလှသဖြင့် တောက မြို့ကိုလွမ်းတာကောကွဲ့၊ တစ်ပုဒ်ရေးပါဦးဟု ခိုင်းပြန်သဖြင့် ရေးရပြန်လေ၏။ တစ်ဖန် တောတောချင်း လွမ်းတာလည်း ရေးပါဦးဆိုသဖြင့် ပေါင်းလွမ်းချင်းသုံးပုဒ် ရေးပြရာ စဉ်းစားလေလေ သရုပ်သကောင်ပေါ်လေဖြစ်၍ များစွာ ချီးမွမ်းတော်မူလေ၏။

### ကိုရင်ဝဇီရရေးသော မြို့က တောသို့လွမ်းပုံ မြောက်ဘက်သံ လွမ်းချင်း

အရောက်ခက်ပါဘိ၊ မြောက်ဘက်ကယ်တို့ရွာ၊ ခုအခါမှာ–ရှုစရာ လယ်ညိုဝင်းချိန်မို့၊ ဆယ်လျှိုတွင်း–ပြန့်ပျက်ဟာမှာ၊ ကန့်ပက်ကာ–ဆူတဲ့ငါးငယ်နှင့်၊ အနားတွန့်ချဉ်ပေါင် နီကို၊ * ဒေါ်လီကျိုတဲ့ဟင်းကိုလေး။ ။ တလင်းကျယ်မှာ၊ မင်းဖွယ်စိုးလောက်၊ နွားရေမခင်း–မြေတလင်းမှာ၊ ခွေထင်းခြောက်နှင့်၊ ခုံလှောက်တယ်ချ၊ ဆန်နီမကို၊ တောင့်လှအောင် ချက်၊ ကျွန်းဘက်ထက်မှာ၊ ခူးလျက်ကယ်လျင်စွာ၊ ပြုပြီးခါမှ၊ အရသာကြီး * ခြံစပ်သီးကို၊ မီးမှာမဖုတ်၊ ညှာမဖြုတ်ဘဲ၊ ကဗျာသုတ်ပေါင်း၊ ဆုံဆိုးဆိုးမှာ၊ ကျိုးအောင်ထောင်လို့၊ စလောင်းငယ် * လဘင်၊ အဖုံးအင်နှင့်၊ ယခင်ချက်ဟင်းလျာကို၊ ချွင်းမညှာ–အကုန်မှောက်ပါလို့၊ နှစ်ယောက်ပြိုင် မျိုးနေကျဟာမို့၊ ဟိုမြေက–ငယ်ကျွမ်းဝင်ကို နယ်မန်းခွင်–စံတော်ကွန်းဆီက–လွမ်းလှတယ်လေး။ ။

### ငှင်းရေး တောက မြို့သို့လွမ်းပုံ မြောက်ဘက်သံလွမ်းချင်း။

မိုးစရိုက်ပေမို့၊ ပျိုးစိုက်ကယ် ပျော်ပျော်၊ လက်စားငယ်ခေါ်သည်၊ မျက်ဝါးတော် သူငယ်ချင်းတွေနှင့်၊ လယ်ခင်းပြန့်–သမန်းပြင်မှာ၊ အငန်းတွင် သူငါ ဆင်းပါလို့၊ မူရာချင်း–မြို့သူမိပေါင်၊

---

* ဒေါ်လီ–ရောနှော။ *စပ်သီး–ရေတ်သီး* လဘင်–စလောင်းဖုံး၊ မြောက်ဘက်သုံး စကားများ။

mgyoe.com

mgyoe.com

တို့တူညီ– သံချိုတေးငယ်နှင့်၊ ဘန်ညိုအေး– ချိန်လောက်ဆီကို၊ အိမ်ရောက်မှီ ကြဲပြန်ရတယ်လေး။ ။တို * ထဗိငယ်၊ ဟိုဆီ ဖုံးရုံ၊ အလုံးခြုံလို့၊ ကုန်းပုံက ညီ၊ * ခေါင်းရေနက်တဲ့၊ တဘက်နီနှင့်၊ ပလီလိုက်ထား၊ ကုပ်ပေါ်ရောက်တဲ့၊ ဆံကောက်ဟာကို၊ ဖျောက်ခါ သယ်ရုံး၊ တကြော့ ချည်ငယ် လျော့ပြီ ထုံးလို့၊ ပွင့်လုံးငယ်ခတ္တာ၊ ရှောင်မငိုက်အောင်၊ ထောင်စိုက်ကာနှင့်၊ ကြိုက်ရှာတဲ့မောင်၊ မမြင် စမ်းစေရ၊ တွင်ပမ်းကာ လောင်လိမ့်မယ်၊ တောခေါင်တဲ့ မြောက်ရွာကို၊ မရောက်လာ မြို့တော်ယွန်းငယ်ကြောင့်၊ ကန်သင်းခုံမို့ မော်စွန်း ဆီက၊ လွမ်းလှတယ်လေး။ ။

### ငုင်းရေး-တောကို တောချင်း လွမ်းပုံ
### မြောက်ဘက်သံ လွမ်းချင်း

ထိမ်သဖန်းငယ်နှင့်၊ လိမ်သန်းငဲ့ဖလံ၊ တယ်ပေါက်ကယ် သန်သည်၊ နယ်မြောက်ဌာန်–ငါတို့တောဆီက၊ လေရောခု မိုးတွေ ဆင်လျှင်၊ မရှင် လွမ်းလိုက်လှနော် အဝေး။ ။စိမ်းမင်ကြောင်ငယ်၊ ပေါင်တစ်ဖက်ထိုး။ ကွက်ပုဆိုးမှာ၊ ရက်ပိုးမပါ၊ ပေါင်းပဝါလဲ၊ ခေါင်းမှာ ပေညစ်၊ ဗရပွေရစ် လို့၊ ထွေသစ်ကယ်မဆို၊ ကျည်းပင်လျှိုမှာ၊ နှစ်ကိုယ်ရှင်တွေ့၊ မြင်သနေ့က၊ ကြင်ငွေ့ငယ်ဆုံသူ၊ အကျွန့်လူလဲ၊ ရွံ့ထူမြေ တာ၊ ဟိုတစ်ရွာက၊ ပေါ်လာမလို၊ မျှော်ကာသာ ငိုမိတယ်၊ နေညိုစ ချိန်ဆီကို၊ တိမ်အနီအပြာ ကွက်ကယ်က၊ ညာဘက်ကို သူမပေးလို့၊ ဆွေးလှတယ်လေး။ ။

ကိုရင်ဝဇိရသည် ခံပင်ကန်တိုက်၌ ပညာသင်ကြားနေစဉ် အရှင် ဦးဓမ္မကိုယ်တော်က ငါ့ရှင် မောင်ဝဇိရ၊ ငါ့ရှင်သည် ကျမ်းရိုး ကျမ်းသွား၌ အထွက်အတက် စုဒ်စောဒနာတို့ကို နည်းရပြီ၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် သို့သွား၍ သင်ချေဦးဟု တိုက်တွန်းတော်မူချက်အရ ဘထွေး ရှင်ဇာဂရနှင့်

* ဗိ–ထထဇောဝိရာတိထဗိ၊ အိတ်နှင့်တူ၍ ထဗိခေါ်သည်။ အချို့ထဘီ၊ ထမီ၊ ထမိန် ရေးသားကြသည်။ ဘိုးဝဇိရ အာဘော်။

* ခေါင်းရေ–ရှေးက ဆိုးဆေးတစ်မျိုး။

mgyoe.com

mgyoe.com
ဆရာရင်း ခံပင်ကန်တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတို့ထံ ခွင့်ပန်ပြီးလျှင် ဘုရားကြီးတိုက် ပထမဆရာတော်ကြီး ဦးဇာဂရ အရှင်မြတ်ထံ အဘိဓာန် စာကိုယ်နှင့် အဘိဓာန်ဋီကာ၊ ဗုတ္တောဒယာလင်္ကာရ ကျမ်းဂန်များကိုလည်း ကောင်း၊ တိုးကြောင်ကလေး ဇာတိ၊ တိုက်ခေါ် ဦးရန်ကုန် ဆရာတော်၊ ဘွဲ့ဦးသုဇာတနှင့် ဦးအာစရ၊ ဦးသုတစသော ရဟန်းတော်မြတ်များပါ ကူညီ သင်ကြားလျက် ဘုရားကြီးတိုက်တွင် ခြောက်နှစ်ကျော်ကြာလေသတည်း။

ထိုကဲ့သို့ လောကုတ္တရာပညာ၊ လောကီပညာ အဖြာဖြာတို့ကို သင်ကြားနေဆဲ သာမဏေအချင်းချင်း ဖြစ်စေ၊ ရဟန်းတော်များကဖြစ်စေ၊ ရပ်ရွာ ဒကာ–ဒကာမများကဖြစ်စေ ရေးသားပေးပါရန် တောင်းပန်သဖြင့် ရေးသားပေးသော စာများကား မရေမတွက်နိုင်အောင် များပြားလှ၍ ထိုစဉ် အခါက ကိုရင်ဝဇီရရေးသောစာဆိုလျှင် ဖတ်ရှုချင်သူများ အလုအယက်ပင် သူ့ထက်ငါ ကြည့်ရှုရယ်မော၊ ရင်သပ် အံ့သြကြလေ၏။

ငါးရာ့ငါးဆယ် နိပါတ်ကို နိဿယပြန်သော ပထမ ညောင်ကန် ဆရာတော် ဦးဗုဒ်၏တစ်ဝမ်းကွဲညီတော်သူ တတိယညောင်ကန်ဆရာတော် ဦးဒိပသည်ကား ဘကြီးတော်လက်ထက် ပဥ္စင်းအဖြစ်နှင့်နေစဉ်ကပင် ရပ်ရည် သပ္ပာယ်၍ စာတတ်အကျော်လည်း ဖြစ်သဖြင့် နန်းမတော်မယ်နု ကိုးကွယ်သော ဆရာတော်ဖြစ်၏။ ရှေးဟောင်း အမှတ်အသား ဗဟုသုတ အရာ၌ ရဟန်းပညာရှိ၊ လူပညာရှိအပေါင်း ဆည်းကပ်မေးမြန်းရသော ပုဂ္ဂိုလ်ကြီးဖြစ်သည့်အတိုင်း ဘုရားကြီးတိုက်မှ ညောင်ကန်တိုက်သို့ သာမဏေများ၊ ဦးပဥ္စင်းများ သွားရောက် ဝတ်ဖြည့်လျှောက်ထား မေးမြန်း ကြသောအခါ ပညာဉာဏ် ဗဟုသုတအခြေခံ ဟန်ပုံမရသော သာမဏေ ဦးပဥ္စင်းများအား ဗဟုသုတ သင့်ရုံသာပြောပြ၍ ခြေသလုံးအနှိပ်ခိုင်းသည် က များလေ၏။ ကိုရင်ဝဇီရမှာကား ပထမတွေ့ကတည်းက အနှိပ်တစ်ခါမျှ မခိုင်းဘဲ မိမိ သိနားလည်သမျှ ရှေးဟောင်း–နှောင်းဖြစ် ဗဟုသုတအဖြာဖြာ တို့ကို များစွာ ပြောပြဆုံးမသွန်သင်ခြင်းကို ခံယူရလေ၏။

ကိုရင်ဝဇီရမှာ ကျော်ပေ့ တတ်ပေ့ဆိုသော ပုဂ္ဂိုလ်များထံ ဆည်းကပ် မှတ်သားချင်သော ဝါသနာစရိုက် စူးစိုက်ရကား ဘုံကျော် ဆရာတော် ဘုရား ထံ၌ပင် ဉာတ်–သံပျင် ဋီကာတို့ကို သင်အံလိုက်နာဖူးလေ၏။ ဆန်းနှင့်
mgyoe.com

mgyoe.com

ကလာပ် အထပ်ထပ် ကျေပွန်သောကြောင့် ထိုစဉ်အခါက ကိုရင် ဝဇီရ၏ လျှာသံ–အာသံလောက်ပီသပြတ်သား စကားပြေပြစ်သူမှာ မရှိ သလောက် ဖြစ်ခဲ့လေ၏။

## ပညာစွမ်းပြရပုံ

ထိုဘုရားကြီးတိုက်၌ ပညာသင်ကြား ဗဟုသုတများ ရှာမှီးနေစဉ် ဦးဝိဇယနှင့် ဦးကေတုတို့က 'ဟေ့ မောင်ဝဇီရ၊ မေတ္တာစာ အချိုးတစ်ပုဒ် ဘယ့်လောက်များချဲ့ပြီး ရေးနိုင်သလဲဟု မေးမြန်းအရေးခိုင်းရာ–

ဘူပထဗျာ၊ ဝသူဒါဝယ်၊ ယူဇနာ ကျယ်ပြော၊ တယော သဟာသီ၊ ဂုတီသချာ၊ သချော်ကို ဖြာလိုက်လျှင်၊ မာလာကိုင်၍ ပန်းသုံးကို၊ အာဏာတိုက်နန်းဘုံက၊ ဆန်းရဂုံဂန္ဓာ၊ သယံဇာ၊ မဏ္ဍလာ၊ နန္ဒဝါ သင်းထုံလျက်၊ ပွင့်ငုံညှာပြိုင်၊ ပယင်းငုံ သန္တာဆိုင်၊ မဟာမြိုင်ရွှေဝတ် တို့၊ ကြွေကျတ်သည့် ဖွေပြင်ဝယ်၊ လေယဉ်ညဉ်ကြဲဖြန့်၊ မြေအပြင်ပုလဲ ခန့်မှာ၊ မြခဲတန့် တပြောင်ပြောင်၊ သုန္ဒရီ၊ စုံတညီ၊ ကုန္ဒရီငွေရောင်တို့၊ စမ်းရေမြောင်၊ ကျောက်စက်က၊ မကန်းကွက်စီးသွန်သွန်၊ တောင်ခြေ နန်းမို့–စိမ့်စမ်းငယ် ပြွန်၊ မှောင်ဝေသန်းလို့ စခန်း ဟေဝန်၊ နေအချွန်၊ ရေတံခွန်၊ ဖွေအလွှန် မြေညီဝယ်၊ ကိန္နရီ ဆန်းပွေ၊ ဣန္ဒနီနန်းမြေက၊ ပန်းခြွေသည့်ရဂုံ၊ သူ ငါ လှမ်းလို့ –ပွင့်ပန်းခိုင်စုံ၊ မူရာဆန်းလို့– သင်းပျံ့လှိုင်ထုံ၊ မြိုင်ရဂုံ၊ ကြိုင် အထုံ၊ ဂနိုင်လှုံဇဏီတို့၊ ရွှေတညီ သင်းဖွဲ့လျက်၊ နှင်းတွဲ့တွဲ့ မျက်နှာသာတွင်၊ တစ်ဖက်ခွာချိုဟန်၊ သူ့ထက်ငါ ပလီဥဏ်နှင့်၊ ဝစီရံချိုသလျက်၊ သာဖိုမ ကျည်စယ်၊ လေပြန်သွင်းလို့– မြက်ခင်းနုနယ်၊ ရွှေရံကျင်းလို့–စက်ခင်းရှုဖွယ်၊ သွယ်မြက်ခြယ်၊ ကြင်သက်လယ်၊ ပင်ထက်ဝယ် ခန်းအသိုက်က၊ နန်း စရိုက် ပျိုသူယောင်တို့၊ ဟိုကူချောင်မော်ရိပ်က၊ ဇော်ဖေဝိတ် ဆေးသလျက်၊ ချစ်ရေးပြဆိုင်၊ စုံညီသဘော၊ ထုံညီနှောသည့်–တောဂ နိုင်ဝယ်၊ ရွှေကြာအိုင် အနောဒတ်၊ ပြွန်ဇလာ ရေရဟတ်က၊ ဆဲ့နှစ် ပတ်ဆင့်ကာ၊ ဥမင်္ဂဝေဟာ၊ အာကာသ ဂင်္ဂါထက်၊ ဆအရာ ထူးမြတ်၊ ရွှေမေတ္တာရဟတ်ဖြင့်၊ မပြတ် ပို့သလေ့ရှိပါသော–

mgyoe.com

mgyoe.com

စာမဆုံးခင် ဦးပဋင်းများမှာ ကိုရင်ဝဇီရ၏ကျောကို သပ်လျက် 'အင်း–ထူးတဲ့ပါရမီပေပဲကွယ်' ဟု ချီးမွမ်းအံ့သြ၍ ပြောမဆုံးအောင် ရှိကြလေ၏။

တစ်နေ့သ၌ ရေချမ်းဒကာ ဦးဘိုးမောင်သည် ကိုရင်ဝဇီရအား သံဝေဂနှင့်စပ်လျဉ်းသော နိဗ္ဗိန္ဒတေးထပ်တစ်ပုဒ် ရေးစပ်ပေးစမ်းပါဟု တောင်းပန်သဖြင့် ရေးပေးလိုက်သည်မှာကား–

## ပညာစွမ်း ပြရပုံ

ကိုယ်ကာယာ–အရိုးစု၊ ပိုးအထုရှစ်ဆယ်၊ ဆိုးယခု ညစ်လွယ်သည်၊ ချစ်တွယ်ဖို့ မကောင်း၊ တစ်နေ့ထက်– တစ်နေ့ အိုတယ်၊ တစ်ကွေ့သျှိ–တောမျောက်အလောင်း။ ။ သေမင်းက–မညှာယူလျှင်၊ ခန္ဓာမူရုပ်ဟောင်း၊ မကြာဆူ–ပုပ်လှောင်းလို့၊ တုတ်ခနောင်းသဖွယ်၊ ချစ်တဲ့သူ–တကယ် ကွင်း၊ အမယ်မင်း–ရှုံ့ကြတော့မယ်။ ။ မျက်နှာပုပ် လက်အုပ်ကွယ်သည်၊ စက်ဆုပ်တယ်–ရှောင်သွားလို့၊ နောင်အပါး–မသိလာ၊ ကြုံရမည့်တာ၊ တရားနှင့်–အသားရှာလျှင်၊ အလကားဟာ ကောင်ကြီးမို့လေး။ ။

"သာဓု–သာဓု–ကောင်းပါပေတယ် ကိုရင်၊ အဓိပ္ပာယ် ပေါ်လွင်ပါပေတယ်" ဟု ချီးမွမ်းပြောဆိုကာ ကူးယူ၍ သွားလေသည်။

ကိုရင်ဝဇီရ၏ အမျိုးများကား ကဗျာလင်္ကာဝါသနာပါသူ အလွန်များပြားလေ၏။ သို့ရာတွင် တော်တော့်ဆွေမျိုးများသည် ကိုရင်ဝဇီရထံ ကဗျာနှင့်မစပ်ကြချေ။ တစ်ကြိမ်၌ အဖျားရောဂါစွဲကပ်သဖြင့် ရှင်လိင်ပြန်၍ ဖခင်၏ဇာတိဖြစ်သော ရွှေဘိုနယ်–စည်ပုတ္တရာအနောက် ရှားတောရွာတွင် နေခိုက် အစ်ကိုတော်သူ၊ ငရုန်ကြီးရွာနေ ကိုအောင်ထွန်းက "မောင်ရင်၊ အရှင်ဥတ္တမကျော် ရေးသားတော်မူသော တောလားရှိက * ထုတ်ပေးစမ်းပါ" ဟုဆိုလေရာ "ဟုတ်ကဲ့အစ်ကို၊ ပုရပိုက်မူနှင့် ရှိပါ၏၊ ထုတ်ပေးပါမည်" ဟု ဝန်ခံပြီးနောက် ကိုရင်လူထွက်သည် ရွှေကာရွာသို့ အလည်သွားနေစဉ် အိမ်၌ ပုရပိုက်မိုးစွတ်၍ ကတိအတိုင်း ကူးထုတ်မပေးနိုင်သဖြင့် ကိုအောင်ထွန်းက ဘကြီးတော်သူ ဆရာဝိုက်ထံသို့သွားပြီး–

mgyoe.com

mgyoe.com

"ဘကြီး၊ မောင်ရင့်ဆီ စာတစ်ပုဒ်လောက် ရေးပေးစမ်းပါ။ ကျွန်တော်လည်း ရေးတတ်ပါရဲ့၊ နို့ပေမဲ့ သူ့မိအောင်ရေးနိုင်မှာ မဟုတ်ဘူး။ အကြောင်းကတော့ သည်လိုပါ"ဟု ယခင်စာ ထုတ်မပေးကြောင်းကို ပြောပြလေ၏။

### ကိုအောင်ထွန်းအပေးနှင့် ရေးသောစာ

တစ်လိမ်တဲ့ နှစ်လိမ်။ ။ ဝါးကြိမ်လိမ်၊ လိမ်ပင်အောမှာ၊ ပေါက်လာသည်၊ နွယ်မိကျောင်းငယ်၊ ပေါင်းတဲ့ခါကြိမ်။ ။ ဆူးရစ်နွယ် ဝင်မချပ်ပြီဘူ့၊ နွယ်နှစ်ထပ်–ထပ်ခါလိမ်၊ ခွေးတောက်သိမ်ထပ်ငြား။ ။ ပထမပင်လိမ်နှင့်၊ စတုလိမ်–ပုံတစ်ရှူန်းကို၊ သုံးလိုက်ထာလား။ ။

ရှင်လူထွက်သည် စာကို မြင်လျှင်မြင်ချင်း အစ်ကို ကိုအောင်ထွန်း၏ ဉာဏ်မဟုတ်၊ ဘကြီးဝိုက် ရေးပေးမှာပဲဟု တွေးလျက် မိမိလိမ်လည်ရခြင်း မဟုတ်ကြောင်း ကိုအောင်ထွန်းသို့ပင် ရေးစပ်၍ ပေးအပ်လိုက်သော ကဗျာမှာ–

တစ်ဖြောင့်တဲ့ နှစ်ဖြောင့်သာ။ ။ ဖြောင့်တန်းရွှေစနက်နှင့်၊ နေထွက်ကယ် နေဝင်ဖြောင့်တယ်၊ လမ်းမထောင့်ပါ။ ။ ချိန်မျဉ်းတံ–စိန်ဖြောင့်နှင့်၊ ဖြောင့်ပါပေ့ ဆိုတဲ့ဟာကို၊ သုံးပါးငဲ့ ညီထွေး။ ။ လိမ်ဆိုလျှင်–တင်ကလိမ်မှ၊ သည် အချိန်– သည်ဝတ်ကျရော့၊ ညီလှ မချိတ်ဘူးပါဘူ့၊ စိတ်ကူး နော် အထင်လွဲရင်ဖြင့်၊ ငရဲ နောင်တော်ကျမယ်၊ စိုးလိုက်လှသေး။ ။

ကိုအောင်ထွန်းနှင့်တကွ ဆရာဝိုက်တို့သည် များစွာ ကျေနပ် အံ့ဩချီးမွမ်းကြလျက် ရှေ့ကို တိုးတက်ကြီးပွားမည့်သူငယ်ဟု နှစ်ထောင်း အားရ၍ ပညာများ ဆက်လက်ကြိုးစားရန် တိုက်တွန်းအားပေးကြလေ၏။

---

* ရှေးအခါက ယခုကဲ့သို့ ပုံနှိပ်စက်မျိုးမရှိသဖြင့်၊ ပေစာ–ပုရပိုက်စာများနှင့် ဆင့်ကဲ–ဆင့်ကဲ ကူးယူလေ့ရှိကြရာ၊ တစ်ယောက်ထံက တစ်ယောက်လိုချင်လျှင် ထုတ်ပေးစမ်းပါ–ထုတ်ပါရစေဟု ပြောကြလေသည်။

mgyoe.com

mgyoe.com

ဘုရားကြီးတိုက်တွင်ရှိစဉ်

အဖျားရောဂါကင်းပျောက်၍ ဘုရားကြီးတိုက်သို့ ရောက်သောအခါ ကိုရင်ပြန်ဝတ်ပြီးလျှင် စာသင်မြဲသင်၍နေစဉ် ခံကုန်းရွာနေ မလေးဆိုသူ မိန်းမတစ်ယောက် ပေါ်ပေါက်လာ၍ "ကိုရင်ရယ်...၊ တပည့်တော်မ ခဲအိုခုံမင်းတစ်ဦးဟာ တပည့်တော်မရဲ့ငွေသားများကို ငွေဖလားလုပ်ရန် ပန်းထိမ်လက်ရာ ကောင်းကောင်းထံမှာ အပ်နှံပေးမယ်ဆိုပြီး ယူသွားတာ ယခုထက်တိုင် ငွေဖလားလည်းမရ၊ လူလည်းမလာနဲ့ ကြာလှပါပြီ၊ သက်သက်တစ်ပတ်ရိုက်သွားတယ်လို့ ထင်ပါတယ်။ တပည့်တော်မကတော့ ခဲအိုသာဆိုအစ်ကိုရင်းမက ချစ်ခင်ယုံစားတယ်၊ သူကလည်း နှမအထွေးလေးလို ချစ်ခဲ့တယ်။ အခုတော့ သက်သက် ကြောသွားတာ မခံချင်ပေမယ့် စာမှရေးတတ်လို့ လူကြုံပါးပြီး စာများမပေးရဘူး၊ တစ်ဆိတ် လောက်ရေးပါမှည့်အကြောင်းနှင့် တောင်းပန်ပြောဆိုသဖြင့် "ကောင်းပါပြီ၊ ရေးပေးရတာပေါ့" ဟုဆိုပြီးလျှင်–

ကိုရင်ဝင်ရေး-ခဲအိုခုံမင်းသို့ပေးရန်
မလေး၏မေတ္တာစာ

မနောမယ၊ မြစက္ကဝတ်၊ တန်ခိုးရှိန်နှင့်၊ စိန်လိုစွတ်သောခါ၊ ဆွတ်ဆွတ်ကြည်လင်၊ ရေအလားမှာ၊ မှန်သားလို ထင်ရသည့်၊ ကာရဂံတ၊ ခန္ဓာသုံးပုံ၊ ဥသုံရန်မျိုး၊ ဖြတ်ချိုးလွင့်နည်၊ ကြည်ပါစေသောဟု၊ ဩဒိဿမေတ္တာ၊ ပတ္ထနာကို၊ အခါခါ ညွတ်ပျောင်းလျက်၊ သွန်းလောင်းလေ့ရှိပါသော၊ ခံကုန်းရွာနေ၊ ဒေဝစ္ဆရ၊ ရူပနိကာယ်၊ ကုသိုလ်ကြွယ်လှသည့်၊ ခယ်မ–မလေး၊ စာပေးမှာကြားလိုက်ပါ သည်။ ။ ကမ္ဘာတန်ဆာ၊ စကြဝဠာဝယ်၊ အက္ခရာ စာစောင်၊ ဆင်ကောင်းမြင်းရှိ၊ ပုဒ်ပါဠိကို၊ ကြိယာအစုံ၊ တက်တက်ကုန်သော ကြောင့်၊ ခုံပညာဝန်၊ လူချွန်တစ်ယောက်ဟု၊ ကျောက်တိုင်နယ် အတွင်းဝယ်၊ မှုခင်းအမျိုးမျိုး၊ အရိုးမူလ၊ ထာဝရမပျက်၊ အဆူဆူကို၊ ကောက်ယူဆုံးဖြတ်၍၊ အရပ်ထိုထို၊ သတင်းဂုဏ် ပိုလှသည့်၊ ခဲအို ခုံမင်းရှင့်–
ယွင်းမယို၊ အခင်းကိုဉာဏ်ကွန့်လို့၊ ကြံဝံ့စေကြောင်း။ ။

mgyoe.com

mgyoe.com

အညှိခံ၊ ကတိမှုမှန်မှန်နှင့် မြူတစ်ဆံ သွေမယိမ်းအောင်၊ ထိန်းငဲ့ဆုတောင်း။

အကြောင်းကြောင့်လျှင် ထုံးဟောင်းဥပဒေ၊ သက်သေခံထုတ်၊ အမှန်ကို စစ်ငုတ်သော်၊ "မဟုတ်ကိုလည်း လင်းရမည်၊ အရှုပ်ကိုလည်း ရှင်းရမည်"၊ ရည်ဆောင်ချက် နှလုံးထားနှင့်၊ စဉ်းစားကြံဆေး၊ ပြန်လို့များတွေးလိုက်သော်၊ ရှေးအတိတ၊ လ ကဆုန် မာသက၊ ကျွန်မကို မြတ်လေး၊ တစ်မိတည်းမွေးသည်ဟု၊ အထွေးဆုံး အလား၊ သဘောကထားသောကြောင့်၊ ကွမ်းစားရန်အသုံး၊ ငွေဖလားတစ်လုံးကို၊ နှုန်းလောက်အောင် ပုံဖမ်း၍၊ ဆန်းလှသည့်ပန်းထိမ်မှာ၊ ထိန်လှအောင်လုပ်ပြီးလျှင်၊ ရတ်တရက်မနေး ပွဲတော်မိပေးမည်ဟု၊ စကားရေးလှလှ၊ သွေးကြွအောင် ပြောသောကြောင့်၊ နှမြောအားသစ်သဖြင့်၊ * ရှစ်ခုနှစ်အရေးတော်၊ အိုးကင်းနှင့်လှော်သည့်နှယ်၊ ပေါက်ပေါ်သည့်အချက်၊ သူပုန်စစ်ထွက်လို့မှ၊ အသက်နှယ်စောင့်ရှောက်၍၊ မပျောက်အောင် ဝှက်ထားသည့်။ ဘော်ငွေသားဖြူလှပ်၊ ရတနာမွန်အရုပ်ရုပ်ကို၊ ရွှေနေတတ်ခုံသမာ၊ ပညာဝန်သမာဓိ၊ ကျန်းဂန်သိ ခဲအို၊ အပြောတော်ချိုလွန်းလို့၊ သူ့နှုတ်ကို ယုံစား၊ ပေးလိုက်မိမှားသဖြင့် ကွမ်းစားတိုင်း စိတ်ကူးနှင့်ကျူးမိသည့်ကဗျာမှာ–

မယုံသာ၊ ခုံသမာ ဉာဏ်နက်မို့ ကြံရက်ပေ့ ခု။ ။ မူမမှန်၊
အယူခံ အလျှင်ပြတ်တယ်လို့၊ မတ်တတ်လာ၍ ကြောတယ်၊ လောဘမေရ။

ကရုဏာဒေါသော၊ စောမိသည့်စိတ်၊ မဆိတ်မည်၊ ပရိယာယ်နှင့်၊ သည့်နှယ်ဖြင့် ကြံကတဲ၊ တစ်ရံတစ်ခါ၊ အာသာဆန္ဒ၊ ငွေဖလားကို၊ စိတ်ယားတိုင်း တောင့်တ၍၊ ပြိဿ–မိဿ၊ မကာရ သိန်၊ မိန် ကာရကဋ္ဋ၊ ရုပ်ခာတ်နိမိတ်၊ ဆိတ်နှင့်နွားလား၊ သားနှင့်ကိန္နရီ၊ ရာသီဆဲ့နှစ်ရုပ်၊ ဇာတ်ပုံ ရုပ်ပုံ၊ အစစမှာ လှစေချင်အာရုံနှင့်၊ ခြူးအုံ ခြူးပန်း၊ အင်တန်ကြီးလုံးပမ်း၍၊ အခမ်းနားကြီးသဖြင့်၊ မပြီးလို့ နေသေးသည်၊ ပေးလာမည်မလွဲ၊ စောင့်ပဲဟု ခဲအိုကို ယုံသော်လည်း၊ ကဆုန်–နယုန်ကုန်သည်ကကို၊ ဝါဆိုလည်း တက်တက်

* ရှစ်ခုနှစ် ၁၂၂၈–ခု၊ မြင်ကွန်း အရေးတော်။

mgyoe.com

mgyoe.com
ပြောင်၊ ဝါခေါင်လည်းမကြွင်း။ တော်သလင်း–သီတင်းကျွတ်ထက် ဝက်တိုင်၊ ခုလက်ရှိလုပ်ကိုင်လျှင်၊ ငွေဆိုင်ရွှေသား၊ အထည်မောက်ကရှေ့လို့၊ ဘယ်လောက်ပင်များကထဲ၊ မီးစားလို့မျှမလောက်ပါဘူး၊ ထောက်ဆ ဘယ်သို့မသိရာ–

မပြီးကြာ၊ ဖြစ်နည်း ဘယ်လိုပါလို့၊ ရွှေစာမပါး။ ဖွတ် စွဲပို၊ ဖွတ်သည်းကို သူမျိုးသို့၊ ကျုပ် ခဲအိုအကြံ တွေ့တယ်၊ ယင်း မေ့နေအား။

စကားလည်း မလာ၊ စာလည်းမကမ်း၊ လမ်းအစသတ်၊ ငွေဖလားကြောင့်၊ ရွာများကိုဖြတ်ပြီးလျှင်၊ ဘူရိဒတ်ဒေသနာ၊ ကျမ်းရွှေစာမှာ၊ ခရာသည့်လိပ်ကို၊ ရေဆိပ်မှာ လွတ်မိလေသကဲ့သို့၊ စွတ်မိရာရာ၊ အဝေးက ဉာဏ်ရှာ၍၊ ဝါစာသီလိဋ္ဌ၊ စကားလက္ခဏာ၊ နားသက်သာအောင်၊ နှုတ်လျှာ ချွန်းလို့၊ ပွန်းအောင် ရွှန်းအောင်ပင် ပြောကတဲ၊ သဘောနေမလုံ၊ ဆင်ခြေသာကုန်ကြမည်၊ ခုံကြားပြီးမှ သက်သေကို မပြဘူး–

ရက်စချန်၊ လက်ခကို ကုန်မနှံလို့၊ သုန်ဟန် ပုံခင်း။ အဖိုးတန်၊ ရိုးမှန်လျှင် ပြန်လို့ ပါးပမယ်၊ ဖလားကို ရက် မဆိုင်းပါနှင့်၊ တိုင်းသိ ခုံမင်း။

ဖြစ်ရင်းစွဲမူလ၊ ဟိုအစက၊ ကျွန်မမှာ မိန်းမသား၊ စကားလည်း မကျေ၊ စာပေလည်း မတတ်၊ ဓမ္မသတ်လည်း မကျွမ်း၊ ဖြတ်လမ်းကိုလည်း နားမလည်၊ သို့ရှိသည်တွင်၊ အထည်ကိုယ်ဖလား၊ မှာထားတိုင်းမရ–မပေးဘူးစိတ်ချ၍၊ ငွေစကို ပြန်လိုပြန်၊ ပုံသဏ္ဍာန်မပျက်၊ ရှေးဆိုရင်း အချက်နှင့်၊ ဆက်လက်ကယ်မယွင်း အပြီးကိုသွင်းရလျှင်လည်း၊ ချင်းမူလဟတ္ထကာ၊ ခံသင့်သူဘယ်အနေ၊ စီးပွားပျက်ပွေ၍၊ လုပ်ခြေအင်မမြောက်၊ အဝေးမှာ ပျောက်ပြန်က၊ ယုံလောက်သည့်ကလျာဏ၊ မိဆွေကောင်းသာခကနှင့်၊ ကိုယ်စာဂကျင်းသွန်း၊ သစ္စာတော်ကျိန်ခွန်းကို၊ လူအဝှန်းသိအောင်၊ အနည်းနည်းဆောင်ကြလျှင်၊ သွေရှောင်လို့မဖြစ်၊ နှစ်လို့သာ အားပြု၊ တွေ့ကြုံသည့်အမှုကို၊ ဘယ်သူ့အားနာ၊ ညှာတာမတုန်း၊ စိန္တာသုတ၊ အတ္တပဋိဘာန်၊ ကတိဉာဏ်ဖြင့်၊ နှံထားသည်အချက်၊ ကတိပျက်စကား၊ တရားနိပါတ်၊ ဓမ္မသတ်–ရာဇသတ်၊ ဖြတ်ထုံးဖြတ်ဟန်၊ အတန် တန်နှင့်၊ အမှန်ကိုဖြစ်ရအောင်၊ အစစ်ဆင်ခြေ၊ ထွေရာပိုမို၊ မလဲဆိုဘဲ၊ ခဲအိုခုံမင်း၊ ယုံရင်းစွဲစေတနာနှင့်၊ ဘော်သပြာငွေသား၊

mgyoe.com

mgyoe.com
လုပ်ဆောင်ရန် အလားကို၊ တရားကြောင်းတည် ထွင်၍၊ အစီရင်ခံလိုက်ရပါ တော့သည်၊ ခဲအိုခုံမင်းရှင့်–ဟူ၍ ရေးပေးလိုက်လေ၏။

### ဗေဒင်ပညာ လိုက်စားခြင်း

မြန်မာဘုရင်များ ကြီးစိုးစဉ်အခါက မြန်မာစာ တန်ခိုးကြီးခဲ့သဖြင့် စာရေးစာချီမှ မှူးမတ်သေနာပတိထိ မြန်မာစာတတ်ကျွမ်းသူများကိုသာ အမိန့်တော်ပြန်တမ်းဖြင့် အမှုတော်ထမ်းစေလေ၏။ ကျောင်းနေ ဘုန်းတော်ကြီးဖြစ်ပြန်ပါကလည်း ပိဋကတ်တတ်ကျွမ်းက ကျောင်းသခ်မ်းနှင့် သက်န်း–ဆွမ်း–ဆေး ပစ္စည်းလေးပါးတို့ဖြင့် မပြတ်လှူဒါန်းချီးမြှင့်လေ့ရှိ၏။ ထို့ကြောင့်လည်း ထိုစဉ်အခါက စာပေလိုက်စားသော ပုဂ္ဂိုလ်များသည် အားကြိုးမာန်တက် သူ့ထက်ငါ မသာသာအောင် များစွာ အားထုတ် တော်မူကြလေ၏။ စာပေဆည်းပူးရာ၌လည်း ယခုခေတ်ကဲ့သို့ သဘော သဘာဝသိရုံမျှ ကြည့်ရှုသည်မဟုတ်၊ ပါဠိ–ပုဒ်–အက္ခရာကို စုဒ်စောဒနာနှင့်တကွ သဘောပါအောင် သင်ကြားပြီးလျှင် မမှားပီသ၊ နှုတ်တက်ရွရွ၊ အရကျက်မှတ်၍ ထားကြကုန်၏။ ယခုခေတ်၌ သိလိုသောစာကို စာအုပ် ပေမူ စသည်တို့၌ တစ်ခါရှာရပြန်၏။ ရှေးအဘိုးကြီးများကား ဝမ်းဝယ် သိမ်းပိုက်ထားသော စာတို့ကို ဒေါက်ဒေါက်ပြေး ရွတ်ဆိုထုတ်ပြနိုင်ကြ၏။ ကျွန်ုပ်တို့သည် "အရကျက်ဖို့မလို" ဟူသော အယူဝါဒမှ မည်သည့်စာကောင်းမဆို အရကျက်၍ နှုတ်တက်ဆောင်ယူသော အလေ့ကို ပြန်၍ ကျင့်ဆောင်သင့်တော့၏။ စာပေဗဟုသုတအရာသည် များစွာ ကျယ်ဝန်းလှသဖြင့် မည်သည့်ပုဂ္ဂိုလ်မျှ အကြွင်းအကျန်မရှိ တတ်သိလေသည်ဟု ဝန်မခံနိုင်ကြချေ။ ဂေါတမမြတ်စွာဘုရားသာသနာ၌ စာကြည့်ရင်း ကွယ်လွန်သောပုဂ္ဂိုလ်များမှာ သုံးဦးသာရှိသေးသည်ဟု ဆရာတို့ပြောကြ၏။ ထိုပုဂ္ဂိုလ်များကား – (၁) ပထမညောင်ကန်ဆရာတော် ဦးဗုဒ်၊ (၂) ခင်မွန်ဆရာတော်၊ (၃) သက္ကရာဇ် ၁၁၅၈ ခုဖွား မဟာဓေယျသခ်ယာဘွဲ့ခံ ပထမလှေသင်းအတွင်းဝန်မင်းဦးချိန်တို့ပင်တည်း။ ထိုပုဂ္ဂိုလ်များမှာ စာပေကြည့်ရှုဗဟုသုတအရာ အထုံပါလွန်းရကား ဖျားနာနေလျက်ပင် ပေစာများကို ကြည့်ရှုနေကြရာ လက်က ပေစာလွတ်ကျ၍ အနိစ္စရောက်မှပင် ထိုပေစာများကိုယူ၍ သိမ်းဆည်းထားရလေ၏။
mgyoe.com

mgyoe.com


ထိုအကြောင်းများကို ကြားဖူးကြသော ဘုရားကြီးတိုက် ရဟန်း၊ သံဃာ၊ သာမဏေများအနက် ဦးသုဇာတ (ဦးရန်ကုန်) ဦးသောဘိတ၊ ဦးနန္ဒိယ၊ ကိုရင်ဝဇီရတို့သည် နေဝင်ကကို ခုနစ်စင်ကြယ် အမြီးထောင်၍ သန်းခေါင်အချိန် ရောက်သည့်တိုင်အောင် စာအံကြစတမ်းဟု ကတိကဝတ် ထားကြလျက် တစ်ရက်မပြတ် ကြိုးစားသင်အံကြလေသတည်း။

ကိုရင်ဝဇီရသည် ထိုကဲ့သို့ ဘုရားကြီးတိုက်၌ ပညာသင်ကြား နေရာမှ "ဇာဂရာဘိဝံသ တိပိဋကစရ မဟာ ဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ပထမဘုရားကြီးဆရာတော် အရှင်ဇာဂရ မပျံလွန်တော်မူမီ ကလေးတွင် ခွေးချိုတိုက်သို့ပြောင်း၍ မြေနန်းဝန်မင်း၏သား ခွေးချိုတိုက်အုပ်ဆရာတော် ဦးမေဓာ၏ထံတွင် ဆန်းအလင်္ကာနှင့် ဗေဒင်ပညာများကို နောက်ဆုံး သင်ကြား၍ နေပြန်လေ၏။

ထိုကဲ့သို့ သင်ကြားနေစဉ် ကျောင်းနေဦးပဥ္စင်းများ တောင်းပန်သဖြင့် အောက်ပါဆန်းဂိုဏ်းရွေးနည်း တေးထပ်များကို ရေးစပ်လေသတည်း။

## ဂရု လဟု ယူပုံ နှစ်ဆစ်ချိုး

'ဂရု' ပုံ၊ အသစ်စုံ ဒီဃနှင့်၊ ပိသတင်သေး။ ။ အဏ္ဍုပါ၊ 'လဟု' သာ ယူကြတော့၊ မူလမှန်–ဆန်းဆိုချက်ကို၊ တောနက်နှင့်တွေး။ ။

## ဂိုဏ်းယူနည်းတေးထပ်

ဂိုဏ်းယူပုံ–အမှန်ပြ၊ မကျန်ရ မှတ်ပါ။ အစုံ–ရ–ဂ–လ–မှာ၊ မ–န–သာ မည်ရှေး၊ အရင်း 'ဂ'နှစ်ထွေကို၊ 'ဘ'ဂိုဏ်း ရေ–သွင်းတော့ မနှေး။ ။ အစလ 'ဂ'စုံမြင်လျှင်၊ ယ–ပုံယင်ခေါ်ပေး၊ အလယ်တွင် ဂ–ရေးလို့၊ နှစ်ဖက် ဇး–ဇ– သာ၊ 'လ'နှစ်သွယ် ဂ–နောက်ဆုံး၊ သ–ကောက်ထုံး ဂိုဏ်းဟု မှတ်ရာ။ ။ လယ်–လနှင့် * ဂ–ဝဲယာမှာ၊ ရ–ပဲသာ ဆိုကြ တော့၊ အို နှစ်ဝ–ဂ ရှေ့မြင်၊ ဆုံးလ–တ–ပင်၊ ဆန်းရှစ်ဂိုဏ်း နည်းအစဉ်ကို၊ ကမ္ဘည်းလျှင်–ထိုးလောက် ကဲ့လေး။

---

* ဂ–ရှစ်မဟုတ်၊ ဂငယ်။

mgyoe.com

mgyoe.com


## နက္ခတ်လုံးရေ တည်ဟန်တေးထပ်

ဓေဋ္ဌကြယ်ဌာရသနှင့်၊ ဘရဏီကျ 'ဒွယာ'၊ မိဂသီ ပဉ္စာငယ်၊ သတ္တာ ဗိသျှာဟူက၊ ၂၄ သာမလွန်ကို၊ ဆရာမွန် မိန့်ခဲ့သည်ပ။ ။ ပုဗ္ဗာဖုသျှ်– ခြေမှတ်ရာမှာ။ ရေ 'သတ္တာ' မှန်လှ၊ 'ဆယ့် ငါးဖြာ' လာရှိရမတော့၊ သွာဒိကျ ပုံသေ၊ ကျတ္တိကာ ၃ ခုထား၊ သရဝဏ်ကား ၂၂ ရေ။ ။ 'မ' ဂိုဏ်းက 'တ' ဂိုဏ်းနေကို၊ အစဉ်လေ ယူဟပ်တော့၊ ဇမ္ဗူရပ်နယ် ကျွန်းပြင်၊ ထွန်းလိမ့် ဂုဏ်အင်၊ မှာသမျှ အသိမြင်အောင်၊ သတိတွင် စွဲပါကွဲ့လေး။ ။

## ဂိုဏ်းစောင့်နတ်နှင့် ဣဋ္ဌ-အနိဋ္ဌ ၄ ဂိုဏ်းစီ အကျိုးယူပုံဟောတေးထပ်

ဘုမ္မာဆို 'မြေရ'နှင့် ဣန္ဒပ 'သက်ရှည်'၊ စန်းငွေလ 'တည်ကြည်' မယ်၊ တိမ်နတ်မည် 'ရုံခ'၊ နေ 'ဆင်းရဲ'လေ–'ရပ်ကွာ'တယ်၊ မီးနတ်မှာ 'ဘေးသင့်'မည်ပ။ ။ အာကာသ 'ကျိုးမဲ့'ရာသည်၊ ဟောနည်းမှာပုံပြ၊ ထိုသည့်ပြင် တဝမှာ၊ မ–န–ဘ–ယ–မူ၊ ဂိုဏ်းဣဋ္ဌာ အဆိုရ၊ နဂိုရ်ကျ သိတော့မယူ။ ။ ဇ–သ–ရ–တ လေးဆူမှာ၊ အနိဋ္ဌပြဒေသသာပ၊ မသွေရ သိအောင်ပင်၊ ညွှန်းသ စာတင်၊ များသုတ အစုံမြင်လျှင်၊ ဘဂုဏ်ပင် ကြီး ပါလိမ့်လေး။ ။

အမှာ။ ။ အထက်ပါ နှစ်ဆစ်ချိုးနှင့် တေးထပ်သုံးပုဒ် အဓိပ္ပာယ်မှာ ဘူလမိ၊ နသိဘ၊ ယတိုးသတ်၊ မတ်ဘုံဇေ၊ ဇနေပု သုလိသွာ၊ ရာမိကျတ်၊ တတ်အာသဟူသော ဂိုဏ်းရွေးနည်း လိုက်စားသူတိုင်း အသိများ၍ အကျယ် ရှင်းလင်းချက် မထည့်လိုက်ပြီ။ အောက်ပါ စုတ်ဥပါဒ်ရွေးနည်းမှာကား သဘောပေါက်သူ နည်း၍ ရှင်းချက်နှင့် ထည့်လိုက်မည်။ (စာရေးသူ)

## စုတ်ဥပါဒ်ဟော တေးထပ်

ဘွဲ့လိုရာ ဂိုဏ်းနက္ခတ်ကို၊ လုံးရေမှတ်တည်ပါ၊ နှစ်ဆယ်က လွန်မလာ လျှင်၊ သီကုံးသာ မှန်ရော၊ နှစ်ဆယ်က ကျော်အောင်တည်လျှင်၊ နောင်ဆို သည် နေ့လိုက် သင့်နှော။ ။ စားသတ္တ တစ် နှစ်ပြင်ငယ်၊ သုံးခမြင်သဘော၊ ဥပါဒ်ပင် မိတ္တူပြောလို့၊ ကာနရောဟပ်ယူ၊ လေး ငါးပါ ခြောက် သုည၊ ငြိတ်လာဘ သိဒ္ဓိနှင့်မူ။ ။ စုတ်ဝရ အဟော ကြူတယ်၊ သဘောကူ

mgyoe.com

mgyoe.com

ဉာဏ် နက်မှ၊ မှန်အချက်ကေနိပင်၊ သိလိမ့်ထင်ထင်၊ ရေးလိုက်သည့် မိပ္ပါယ်အင်ကို၊ စိတ်ဝယ်ပင် ကြံကူးတော့။ ။

အမိပ္ပာယ်ရှင်းချက်။ ကဗျာဖွဲ့လိုရာ ဂိုဏ်းယှဉ် နက္ခတ်လုံးရေကိုတည်၍ ၎င်းနက္ခတ်လုံးရေ ၂၀ က မကျော်လျှင် ဗေဒင်တွက်နည်း အာယုစန်း ရောကိန်းအတိုင်း၊ သီ–ကုံး–ပြည့်–အောင်–လှ–တန်–ဆောင်ကို ရောပါ။ နက္ခတ်လုံးရေ ၂၀ ကကျော်လျှင်၊ နှောင်–ဆို–သည်–ကား–မြ–အ–လား ကို ရောပါ။ ရောပြီး ကိန်းကို ၇ နှင့်စား၊ ၁ ကြွင်းလျှင် ဥပါဒ်၊ ၂ ကြွင်းလျှင် မိတ္တူ၊ ၃ ကြွင်းလျှင် ကာန၊ ၄ ကြွင်းလျှင် အမြိတ္တ၊ ၅ ခုကြွင်းလျှင် လာဘ၊ ၆ ခုကြွင်း သိဒ္ဓိ၊ သုညကြွင်းလျှင် ဝရဟူ၍ မှတ်၊ သဘောဉာဏ်နက်မှ သိမည် ဟူလိုသည်။ အကျယ်ချဲ့၍ ရှင်းမှ လင်းချိမ့်မည်။

| နေ့နံများ | တနင်္ဂနွေ | တနလာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|---|
| နက္ခတ်လုံးရေ ၂၀–မကျော်လျှင် ရောရမည့်ကိန်း | သီ ၆ | ကုံး ၂ | ပြည့် ၅ | အောင် ၁ | လှ ၄ | တန် ၇ | ဆောင် ၃ |
| နက္ခတ်လုံးရေ ၂၀–ကျော်လျှင် ရောရမည့်ကိန်း | နှောင် ၇ | ဆို ၃ | သည် ၆ | ကား ၂ | မြ ၅ | အ ၁ | လား ၄ |

မိဂသီ ၅ လုံး၊ ဘရဏီ ၂ လုံး၊ သတ္တဘိသျှ ၂၄ လုံး၊ ဇေဋ္ဌ ၁၈ လုံး ဣန္ဒဂိုဏ်းများ။

ပုဗ္ဗာဖုသျှ ၇ လုံး၊ သွာဒိ ၁၅ လုံး၊ ကြတ္တိကာ ၃ လုံး၊ သရဝဏ် ၃၂ လုံး အနိဋ္ဌဂိုဏ်းများ၊ သတ္တဘိသျှနှင့် သရဝဏ်သာ နက္ခတ်လုံးရေ ၂၀ ကျော်သည်။

(၁) ဥပမာ။ ။ မဲဇာတောင်ခြေရတုဆိုသော အမတ်ကြီးသည် တနင်္လာသားဖြစ်အံ့။ ဆန်းဂိုဏ်းရွေးနည်းအတိုင်း စာ ၄ လုံးအနက် 'ခြေ' ဟူသော နောက်ဆုံးအလုံးပယ်၍ မဲ ၂ + ဇာ ၂ + တောင် ၂ = မတြာ ၂၂၂

mgyoe.com

mgyoe.com

ရ၏။ ထို့ကြောင့် မ ဂိုဏ်းဖြစ်၏။ မ ဂိုဏ်းယှဉ်နက္ခတ်မှာ ဇေဋ္ဌလုံးရေမှာ ၁၈ ဖြစ်သဖြင့် ၎င်း ၁၈ ကိုတည်၊ 'နက္ခတ် ၂၀ မကျော်သဖြင့်' တနင်္လာ သားအတွက် 'ကုံး' ဟူသော ၂ ဂဏန်းထည့်ပေါင်း ၁၈ + ၂ = ၂၀ ဖြစ်၏။ ၎င်း ၂၀ ကို ၇ ခုနှင့်စား၊ အကြွင်း ၆ ရ၏။ ထို့ကြောင့် အဆိုပါ ရတုကဗျာ ဆိုသူမှာ 'သိဒ္ဓိ' စုတ်ကြိုက်၍ ကောင်း၏ဟု ဆိုရမည်။

(၂) ကျည်းကန်မောင်ရှင်ကြီး–ရှင်နန္ဒမေဓ–စနေသားဆိုသော တပျောင်းပျောင်းလျှင်၊ ရွှေညာခွင်က စသော ပိုဒ်စုံရတု၌ တပျောင်းပျောင်း လျှင် နောက်ဆုံးအလုံးပယ်၊ တပျောင်းပျောင်း၊ ဂရုလဟု မတြာရွေးသော် ၁၂၂ ယဂိုဏ်း ဖြစ်၏။ လုံးရေ ၂၄ ရှိသော သတ္တဘိသျှနက္ခတ်နှင့် ယှဉ်၏။ ကိုရင်ကြီးမှာ စနေသား၊ နက္ခတ်ကလည်း ၂၀ ကျော်သောကြောင့် အထက်ပါ ဇယားကွက်ရောကိန်းအတိုင်း နက္ခတ်လုံးရေ ၂၄ တွင်လားဟူသော ၄ ဂဏန်း ထည့်ပေါင်း ၂၈ ရ၏။ ၇ နှင့်စား သုညကြွင်းသဖြင့် 'ဝရ' စုတ် ကြိုက်၏။

(၃) သူရိယ တိုက်ပိုင်ရှင်မှာ သောကြာသား ဖြစ်အံ့၊ သူရိယ ၂၁၁၊ ဘဂိုဏ်း–မိဂသီ နက္ခတ် ၅ လုံး၊ '၂၀ မကျော်၊ သောကြာသား၊ ရောကိန်း တ ၇ နော = ၁၂ ရ၏။ ၇ နှင့်စား ၅ ကြွင်း၏။ 'လာဘ' စုတ် ကြိုက်၍ ကောင်းမွန်ကြီးပွား၊ အခြံအရံများရမည် ဟူလို။

(၄) သိရိပ ဝရဒိ တျာလောကာ မိပတိ ဝိဇယမဟာဓမ္မ ရာဇာဓိရာဇာ၊

| အမည် | ဂရုလဟု | ဂိုဏ်း | နက္ခတ်နှင့် | လုံးရေ | ရောကိန်း | အကြွင်း |
|---|---|---|---|---|---|---|
| သိရိပ | ၂၁၁ | ဘ | မိဂသီ | ၅ | ၁ | ၆ |
| ဝရဒိ | ၁၁၁ | န | ဘရဏီ | ၂ | ၁ | ၃ |
| တျာလောကာ | ၂၂၂ | မ | ဇေဋ္ဌ | ၁၈ | ၁ | ၅ |
| မိပတိ | ၁၁၁ | န | ဘရဏီ | ၂ | ၁ | ၃ |
| ဝိဇယ | ၁၁၁ | န | ဘရဏီ | ၂ | ၁ | ၃ |
| မဟာဓံ | ၁၂၂ | ယ | သတ္တဘိသျှ | ၂၄ | ၂ | ၅ |
| မရာဇာ | ၁၂၂ | ယ | သတ္တဘိသျှ | ၂၄ | ၂ | ၅ |
| ဓိရာဇာ | ၁၂၂ | ယ | သတ္တဘိသျှ | ၂၄ | ၂ | ၅ |

စာလုံးရေ ၂၄ လုံး၊ ဂိုဏ်းရှစ်ဂိုဏ်းခွဲရ၏။ နံတော် ဗုဒ္ဓဟူးသား ဖြစ်၍ ဥပမာ (၁)·(၂) (၃) အတိုင်း စုတ်ဥပါဒ်ရွေးရာ ၃ ခုကြွင်း၊ ကာနကြိုက်၊ ၃ ဂိုဏ်းပါ၍ လာဘစုတ်ကြိုက် ၄ ဂိုဏ်း၊ သိဒ္ဓိစုတ်ကြိုက်တစ်ဂိုဏ်း၊ ဂိုဏ်း

mgyoe.com

mgyoe.com

အားဖြင့် ဘ–န–မ–ယ–ဣဋ္ဌ ဂိုဏ်းချည်းဖြစ်၏။ နံတော် ဗုဒ္ဓဟူးသားဖြစ်သော ရွှေဘိုမင်းတရားကြီး၏ဘွဲ့တော်ဖြစ်၏။ ရှေးက ဘုရင်မင်းမြတ်၊ မိဖုရား စသည်တို့ ဘွဲ့ချည်ရသည်မှာ မည်မျှခဲယဉ်းသည်ကို သတိပြုရန်ဖြစ်ပါ၏။

### အိမ်ထောင်ရေး ဖက်စပ်ပုံ
### ကောင်း၊ မကောင်းဟော တေးထပ်

နံနှစ်ဆူ ဉာဏ်ယူဆလို့၊ မှန်တူကွ နှောပါ၊ ကံမူလ ဟောစရာကို၊ သဘောမှာ ပိုက်သိမ်း။ မြှောက်လိုက်ပ–ပဉ္စာငယ်၊ လျင်မကြာစား သတ္တကိန်း။ ။ ကြွင်းဧက စွဲမှတ်ဖွယ်မှာ၊ မွဲတတ်တယ် မယိမ်း၊ ရှိအထင်–ဒွိမြင်ကိန်း မှာတော့ နှစ်သိန်းလောက် ကြွယ်ရာ၊ ရွှေသီဟာ ခုန်ပုံလေ့ ယင်ဖြင့် ဂုဏ်မာန်သွေ့ဆင်းရဲလိမ့်သာ။ လေး စတု ထင်ရှားစွာသည်၊ ကြွယ်ဇီဝှာ ဆင်မြင်းပ၊ ပူးမင်း သူဌေးမှန်၊ ဇမြမယ့်ကံ၊ တစ်ပုံတစ်ဝ သုညကျန်လျှင်၊ လုံမမောင်နှံ့ အိုကောင်းပေလိမ့်လေ။ ။

ရှင်းချက်။ ။ ဇနီးမောင်နှံ နှစ်ဦးတို့၏မွေးနံနှစ်ခုကို နှော၊ ၅ ခုနှင့်မြှောက်၊ ၎င်းမြှောက်ရကိန်းကို ၇ ခုနှင့်စား၊ ၁ ကြွင်းလျှင် မွဲတတ်သည်။ ၂ ကြွင်းလျှင် ကြွယ်ဝတတ်သည်။ ၃ ကြွင်းလျှင် ဆင်းရဲတတ်သည်။ ၄ ကြွင်းလျှင် ထင်ရှားတတ်သည်။ ၅ ကြွင်းလျှင် ဆင်၊ မြင်း ပေါတတ်သည်။ ၆ ကြွင်းလျှင် သူဌေးဖြစ်တတ်သည်။ သုညကြွင်းလျှင် ကောင်းသည်ဟူလို။

ဥပမာ– ယောက်ျား ကြာသပတေးသား၊ မိန်းမ စနေသမီးဖြစ်လျှင် ကြာသပတေး ၅ နှင့် စနေ ၇ ကိုရော ၁၂ ရ၏။ ၎င်း ၁၂ ကို ၅ ခုနှင့်မြှောက် ၆၀ ရ၏။ ၎င်း ၆၀ ကို ၇ ခုနှင့်စား ၄ ခုကြွင်းသဖြင့် ဟောကိန်း

---

အထက်ပါ ရှင်းချက်မျိုးကို နောက်ပေါ်စာအုပ်များ၌ မဖော်ပြကြ၊ တစ်အုပ်တလေ ပြပြန်ပါလည်း မရေမရာဖြစ်သဖြင့် ဘိုးဝဇီရ၏အာဘော်နှင့် အကျွန်ုပ်ကိုယ်တိုင် ဆရာ့ဆရာများထံ ဆည်းပူးမှတ်သားခဲ့သည်တို့မှ နားလည်သလောက် ရှင်းလင်းဖော်ပြရခြင်း ဖြစ်ပါသည်။ (ဓာရေးသူ)

mgyoe.com

mgyoe.com

အတိုင်း ထင်ရှားအံ့။ ဤကား–မဟာဆွေ ဇနီးမောင်နှံနှစ်ဦး၏ နေ့နံကို မဟာဆွေကိုယ်တိုင် ဥပမာထုတ်ပြခြင်း ဖြစ်၏။

ကိုရင်ဝဇီရရေး
ယောက်ျားများ အသက်ပိုင်းခြားအိမ်ထောင်ပြုရန် တေးထပ်

ကောက်မကြာ–ရောက်အာယု၊ မြှောက်ပါခု လေးထွေ၊ ထောက်စာမှု ရှေးမသွေအောင်၊ စားသတ္တေ မှန်လှ၊ ကြွင်းဆေက– မြင်လာမူ၊ ယဉ်ကညာ ဟောတော့ခဏ။ ။ ဂုရုနှင့် စမ္မေမှာ၊ မှန်မသွေ တကွ၊ တစ်လင်ကွာ မောင်ရလို့၊ အရှောင်ပခက်တယ်၊ သီဟာပျံ ဆင်မင်းမှာ၊ ပြင်မယွင်း မျိုးမြတ်တဲ့မယ်။ ။ ခန်းသုည–ကျန်ဆွယ် လျှင်၊ ဆံတကယ် ဖြူထွားတဲ့ လူများ အဒေါ်အို၊ ဟောတော့ မယို၊ သောင်း မဏ္ဍလ စက်တစ်ခိုမှာ၊ တက္ကသိုလ် မြှောက်ပါလိမ့်လေး။ ။ ရှင်းချက်။ ။ ရောက်သောအသက်ကို ၄ ခုနှင့်မြှောက်၊ ၇ ခုနှင့်စား၊ ကြွင်းဆေက 'ဆေက = ဆ + ဧက = ၆ + ၁'၊ ၆ နှင့် ၁ ကြွင်း လျှင် အပျိုကညာနှင့် ရမည်။ 'ဂုရုနှင့် စမ္မေ' ၅ နှင့် ၂ ကြွင်းလျှင် တစ်ခုလပ် တစ်လင်ကွာနှင့် ရတတ်သည်။ 'သီဟာပျံဆင်မင်း' ၃ ခုနှင့် ၄ ကြွင်းလျှင် အမျိုးမြတ်သူနှင့် တွေ့တတ်သည်။ သုညကြွင်းလျှင် မိမိထက် အသက်ကြီး သောသူနှင့် ရတတ်သည်ဟူလို။

(၁) ဥပမာ။ အသက် ၂၀ ရွယ် လူပျိုတစ်ယောက်အတွက် ရောက်သက် ၂၀ ကို ၄ ခုနှင့်မြှောက် ၈၀ ရ၏။ ၎င်း ၈၀ ကို ၇ ခုနှင့်စား၊ ၃ ကြွင်း၏။ ယခင် ဟောကိန်းအတိုင်း ၃ ခုဖြစ်စေ၊ ၄ ခုဖြစ်စေ ကြွင်းလျှင် အမျိုးမြတ်သူ နှင့် တွေ့တတ်သည်ဟု အဟောရှိသဖြင့် ၎င်းအဟောနှင့်အညီ မှတ်ယူရန် ဖြစ်၏။

---

အထက်ပါ တေးထပ် ၂ ပုဒ်မှာ ကိုရင်ဝဇီရသည် ခွေးချိုတိုက်မှာ နေစဉ် ဦးပဥ္စင်းများတောင်းပန်၍ ရေးပေးရသောတေးထပ် ဖြစ်၏။

mgyoe.com

mgyoe.com

(၂) ဥပမာ။ အသက် ၃၁ နှစ်လျှင် ၄ နှင့်မြှောက်၊ ၁၂၄ ရ၏။ ၎င်း ၁၂၄ ကို ၇ ခုနှင့်စား၊ ၅ ကြွင်း၏။ ဟောကိန်းအတိုင်း တစ်လင်ကွာနှင့် ရတတ်၏။

အမှာ။ ။ ဤအထက်ပါဟောကိန်းများမှာ အများအားဖြင့် မှန်တတ်သော် လည်း သာမန်ဟောကိန်းမျှဖြစ်သည်။ တေးထပ်ဖတ်၍မျှ နားမလည်ရှိမည်စိုး၍ ရှင်းလိုက်ပါသည်။ တိသင်း–နဝင်း–ရာသီဘာဝ၊ ပဥ္စဏီ–အိမ်ရှင်ဟော၊ မူလဇာတာနှင့် ညှိတတ်မှ အမှန်ရနိုင်မည်။

စာရေးသူ

ကိုရင်ဝဇိရသည် ဤခွေးချိုတိုက်နေစဉ်မှာပင် ဦးဇောတ၊ ငယ်မည် ဦးသင်က "မောင်ရှင်ဝဇိရ၊ စလေဆရာကြီး ရေးသားသည့် ဗေဒင်တေးထပ် များမှာ သက်ရောက်ဟော တေးထပ်သာရှိသည်။ ဂြိုဟ်စားဟော တေးထပ် မရေးသားပါ။ မောင်ရှင်ရေးသားမှ ဟန်ကျချိမ့်မည်" ဟု တောင်းပန်၍ ရေးပေးသော ဂြိုဟ်စားဟော တေးထပ်များကား–

## တနင်္ဂနွေဂြိုဟ်စားဟော

သူရကံ–ဖလ်ဃယက်၊ မှန်မပျက်စားလျှင်၊ ရန်စနက် ပွားမြင်တယ်၊ အများပင် ဓန၊ ရွှေကျလို့ ငွေက ကုန်မယ်၊ နေရပုံ–ခွေင့်ရ။ ။ ပူဒုက္ခရောဂါ တွယ်၊ ဟောရာဝယ် တစ်စ။ ကျွန်ပူလောင်ဒါသကြောင့်၊ ဗျာယနှင့်တွေ့ဟန်၊ နေအိမ်ရာ ညီးပြောင်လစ်ပါလို့၊ မီးလောင်စစ် ကိန်းရောက်ခဲ့ပြန်။ ။ အရှေ့ မြောက် သေနင်ကို၊ မနေရန် ရှောင်ရှားမှ၊ နောင် အများ ခိုးသူတွေ့၊ ငြိမ်းပ မယ်လေ၊ ကျမ်းအထွတ်–ပုံအခြေကို၊ ကုန်မသွေ မှတ်အုံးကွဲ့လေး။ ။

## တနင်္လာဂြိုဟ်စားဟော

ဆန်းနဂိုရ် ကျမ်းဆိုပြ၊ စန်းဂြိုဟ်ပ စားရာ၊ ရွှေငွေနှင့် ထည်ပဝါငယ်။ ကြည်အသာ မစဲ၊ ရှေ့ရပ်က ဝင်စစ်မြင်တယ်၊ ကြင်ချစ်ခင် ပေါ်လိမ့်မလွဲ။ ။ ဥပါဒ်နှင့် အန္တရာယ်မှာ။ ရန်မဆွယ် လွတ်ရှဲ၊ မှန်တကယ် ချွတ်မလွဲပေဘူး၊ ကျွန်ခပဲ ခြွေရံ၊ လာဘ်လာဘံ ဆိုသမျှမှာတော့၊ လိုမတများ လိမ့်ကေန်။ ။

mgyoe.com

mgyoe.com


ညီအလှ ကေဆံဝယ်၊ ဆင်ပန်ရန် ခမာရမယ်လို့၊ ဆရာက သည်ကိန်းဝင်၊ ဟောချည့်ထင်ထင်၊ ဇောပီတိ မနော့ရွှင်အောင်၊ သဘောတွင် မှတ်စမ်းတော့လေး။ ။

## အင်္ဂါဂြိုဟ်စားဟောအ

ကေသရာ ဂြိုဟ်ကျ၊ ခိုခဏ စားမူ။ ချိုမလှ အများပူမယ်၊ တစ်ပါးသူ လူမုန်း၊ ချစ်သူမှ သွေဖောက်ရှောင်တယ်၊ ကြွေလောက်အောင် ဆွေးလိမ့်နှလုံး။ ။ ချည်နှောင်ဖွဲ့ အမှုမြင်တယ်၊ ယခုပင် ရှောင်အုံး၊ မျိုးအဆွေ စုရုံးလို့၊ ပြုကုန်းတိုက် ရန်ရှာ၊ ဒက္ခိဏာ ထိုအရပ်ကိုဖြင့်၊ ခိုမကပ်ကွင်းတော့ မြန်စွာ။ ။ မပွင့်တဲ့မျက်နှာလို၊ ခက်ဗျာပါခံစားလို့၊ လုံးထိ ဘေးကိုမြင်၊ ဆိုးတဲ့ကိန်းဝင်၊ နတ်စက္ခုပမာထင်အောင်၊ ဆရာပင် ဟောလိုက်ကဲ့လေး။

## ဗုဒ္ဓဟူးဂြိုဟ်စားဟော

ငွေဆဒ္ဒန်ဂြိုဟ်စား၊ ခိုငြားတဲ့အခါတွင်၊ ပျိုထွားနွဲ့ ကညာစင်ကို၊ မကြာပင် ချက်ချင်း၊ ပြီးမုချ စုတ်ကောင်းဝင်မယ်၊ ဟုတ်ကြောင်းပင် ဟောတော့မယွင်း။ ။ အထည်ကောင်း ဖြူဖွေးစွာကို၊ သူ ပေးလာမကင်း၊ ပူဆွေးတာ အရှင်းပ၊ သတင်းကောင်းကျော်မယ်၊ လာဘ်–ပါဒေ–ခြေစတု၊ မသွေခု ဖြိုးမောက်လို့ကြွယ်။ ။ ဖလ်မြေထု မိုးအောက်နယ်မှာ စိုးကြောက်ဖွယ် ပါမရှိပြီဘူ့၊ ငါကဝိ ကိန်းအလာ၊ ဟောသည့်အခါ၊ မောင်းမင့် မြတ်ဇာတာကို၊ နတ်သမ္မာ မတုန်းမို့လေး။ ။

## စနေဂြိုဟ်စားဟော

ရေနာဂိန် ဂြိုဟ်အရောက်၊ အိုကြောက်ဖွဲ့အခါ၊ ခိုဖောက်လဲ့ မသာတယ်၊ ဖုတ်ပြိတ္တာ နတ်စုန်း၊ အနောက်က ကံဆိုးငင်တယ်၊ ရန်ငြိုးပင် ပွဲကြီးတွေ့ဘုန်း။ ။ ပူဒုက္ခ ကိုးကုဋ္ဌေ၊ မျိုးအဆွေစုရုံး၊ ကြိုးထွေထွေရစ်ထုံးသို့၊ နှလုံးခု မကြည်၊ သတ်ခိုက်ရန် တကယ်များချည်ငဲ့၊ နယ်တခြား ပြေးထွက်သင့်သည်။ ။ ဘောက်နှင့် ခွင့်မလည်တယ်၊ မြင့်အရှည်၊ မကြာတွေ့မယ်လို့၊ ဇာတာလေ့ အဘိဉာဏ်၊ ဟောချက်က မှန်၊ သဘောခက် ပရိက်ကို၊ သတိဉာဏ် စွဲလေတော့လေ။ ။

mgyoe.com

mgyoe.com

## ကြာသပတေးဂြိုဟ်စားဟော

ဂြိုဟ်ရာဇာ ဇီဝ၊ အညီကျ စားမူ၊ ပလီလှ စကားထူတယ်၊ တစ်ပါးသူ စံကင်း၊ စိုးမင်းမြတ် ပူဇော်မြင်တယ်၊ သူတော်စင်ကောင်းတဲ့သီတင်း။ လယ်ယာချောင်း မြို့ကျေးရွာကို၊ ပို့ပေးလာ မယွင်း၊ ဝတ်ဖြူစွာ ခပင်းနှင့်၊ ဆင်မြင်းခု နွားမှန်၊ ပစ္စိမေ အနောက်များဆီက၊ မှောက်မမှား ရမည် ဧကန်။ သည်ကိန်းနှင့် ကြုံပြန်လျှင်၊ ငုံညှာတံ လေရူးတဲ့၊ ငွေပွင့်ဖူး ပန်းစံပယ်ကို၊ လှမ်းမယ်တဲ့ကိုယ်၊ ကျမ်းကျယ်ချဲ့ဆရာဆိုမယ်၊ ကဗျာချိုရှုစမ်းတော့လေး။

## ရာဟုဂြိုဟ်စားဟော

ဆိုင်းမကြာ ဟိုင်းရာဟု၊ နှိုင်းစာမှု အမှန်၊ ခိုမှားလို့ ဂြိုဟ်စားပြန်လျှင်၊ ကိုယ်ယားယံ မလွဲ၊ သက်ဆုံးခွင့် ကြိမ်ပေလာတယ်၊ စိန္တေယျာ ကိုးတော့အမြဲ။ ။ ရွှေအဆက် ငွေတက်ပြောင်တယ်၊ ရေစက်ရောင်ဖြူမွဲ၊ နေခက်အောင် ပူစွဲလို့၊ တစ်ခုလည်း လေနာ၊ ဂြိုဟ်ရပ်ခွင် မရှောင်ရှားလျှင်ဖြင့်၊ နောင်အမှား တွေ့လိမ့်မြန်စွာ။ ။ ခေါင်ထားတဲ့ ကိန်းအလာကို၊ တိမ်းစရာ ဘယ်မရှိပြီဘူး၊ ယာယ်ပရိ ကျမ်းအလု၊ ဟောလိုက်သည်ကို၊ သဘောကြိုက် ဖြေကြားဆိုတယ်၊ ရွှေနားချို ထင်အုံးကွဲ့လေး။ ။

## သောကြာဂြိုဟ်စားဟော

ရောက်မကြာ မြောက်ညာဆို့၊ သောကြာသို့ စားမူ၊ ထောက်စာလို့ သနားကူတယ်၊ တစ်ပါးသူချစ်ကိန်း၊ ကျွန်မြေးနှင့် မြင်းနွားဆင်မှာ၊ သွင်းငြားဝင် ပေါလိမ့်မတိမ်း။ ။ မြောက်ရပ်က ဝတ်ဖြူစွာငယ်၊ ညွှတ်သူပါ မယိမ်း၊ မင်းပူဇော် ခံကိန်းမို့၊ သိမ်းပေတော့မသွေ၊ ပုဏ္ဏားတော် ဆရာများငယ်က၊ လာမမှား ပေးလိမ့်မလေ။ ။ ဆုလာဘ်သပ် ထန်မိုးစွေမယ်၊ တိုးသရေရောင်တင့်လို့၊ ခေါင်မြင့်တဲ့ သည်အခါ၊ ဘေးရန်နှင့်ကွာ၊ ဧရန်ခွင့် ကြုံလာတယ်၊ ယုန်စန္ဒာ ငွေစန်းသို့လေး။ ။

လွယ်ကူလှသော်လည်း အချို့ သုတေသီတို့အတွက် ရှင်းပြပါဦးအံ့။
mgyoe.com

mgyoe.com

| | | |
|---|---|---|
| ရှေ့မြောက်<br>တနင်္ဂနွေ<br>၆ နှစ် | အရှေ့<br>တနင်္လာ<br>၁၅ နှစ် | အရှေ့တောင်<br>အင်္ဂါ<br>၈ နှစ် |
| သောကြာ<br>မြောက်<br>၂၁ နှစ် | | ဗုဒ္ဓဟူး<br>တောင်<br>၁၇ နှစ် |
| ရာဟု<br>၁၂ နှစ်<br>နောက်မြောက် | ကြာသပတေး<br>၁၉ နှစ်<br>အနောက် | စနေ<br>၁၀ နှစ်<br>နောက်တောင် |

အထက်ပါဇယားမှာ ဂြိုဟ်နေအရပ်နှင့် ဂြိုဟ်သက်နှစ်ပေါင်း ဖြစ်၏။ မည်သူမဆို မိမိမွေးသော နေ့နံကစ၍ ဂြိုဟ်စား၏။

(၁) ဥပမာ၊ တနင်္လာနေ့ သား–သမီး ဖြစ်အံ့၊ တနင်္လာဂြိုဟ်စား ၁၅ နှစ်၊ ထိုနောက် ၁၆ နှစ်အရွယ်က ၂၃ နှစ်ထိ ၈ နှစ်ကြာအောင် အင်္ဂါ ဂြိုဟ်စား၏။ အဟောမှာ သက်ဆိုင်ရာ ဂြိုဟ်စားအဟောအတိုင်း ဖြစ်၏။ ထို့အတူ ဗုဒ္ဓဟူးသားသမီးဖြစ်လျှင် အသက် ၁၇ နှစ်ရွယ်ထိ ဗုဒ္ဓဟူးနောက် ၁၈ နှစ်မှ ၂၇ ထိ ၁၀ နှစ်တိုင် စနေ၊ နောက် ၂၈ နှစ်မှ ၄၆ နှစ်ထိ ၁၉ နှစ် ကြာအောင် ကြာသပတေးဂြိုဟ် စသည်ဖြင့် အစဉ်အတိုင်း စား၏။

(၂) ဥပမာ၊ တနင်္ဂနွေသားတစ်ယောက်သည် ယခု အသက် ၃၇ နှစ် ရှိနေ၏။ မည်သည့်ဂြိုဟ်စားဆဲ ဖြစ်သနည်း။ ၃၇ တွင် တနင်္ဂနွေဂြိုဟ် သက် ၆ နှစ်နုတ် ၃၁ ကျန်၏။ ၎င်း ၃၁ မှ တနင်္လာဂြိုဟ်သက် ၁၅ နုတ် ၁၆ ကျန်၏။ ထို့ကြောင့် ဗုဒ္ဓဟူးဂြိုဟ်စားသည်မှာ ၈ နှစ်ရှိပြီ ဖြစ်၏။ ဟောပုံမှာ တေးထပ်အတိုင်းဟူလို။

---

ယခုစာအုပ်တွင် ပြထားသော ဂြိုဟ်စားဟော တေးထပ်များကို ဗေဒဝိဇ္ဇာ (၉)စောင်တွဲ ကျမ်းရင်းကြီးတွင် ဦးပုညရေးဟု ဖော်ပြထား၏။ အမှန်ကို အညွှန်းတွင် ကြည့်ပါ။ (စာရေးသူ)

mgyoe.com

mgyoe.com

## ဦးချိန်နှင့် ကိုရင်ဝဇိရ

ခံပင်ကန် တိုက်အုပ်ဆရာတော် အရှင်ဦးပဏ္ဍိကား–ကိုရင်ဝဇိရအား လက်သပ်မွေးသော ငယ်ဆရာဖြစ်၍ လောကီပညာ–လောကုတ္တရာ ပညာ အဖြာဖြာတို့ကို များစွာ တတ်မြောက်ကျော်ကြားသော ပုဂ္ဂိုလ်ကြီးဖြစ်သည့် အတိုင်း ရတု၊ ရကန်၊ အဲ၊ အန်၊ ကဗျာ၊ ပျို့၊ လင်္ကာနှင့် ထံတျာတေး၊ ရှေးသီချင်းကြီးများကိုလည်းကောင်း၊ စောင်းညင်းတူရိယာ၊ ဗိသုကာ၊ ပန်းရန်၊ တစ်တန်ပန်းချီ၊ တစ်လီပန်းလိမ်မှစ၍ အဋ္ဌာရသပညာထူးကို ဆည်းပူးလိုသူ ဦးမည်းဖြူတို့ နည်းယူဆည်းကပ်၊ အရပ်ရပ်မှ မပြတ်မိုခိုရသော ညောင်ညို ပင်ရိပ်ကြီးနှင့် တူလေ၏။

ရွှေဘိုစီရင်စု ခါးတောင်းကျားရွာ၌ ဆင်းရဲနွမ်းပါးစွာသော အကြင် လင်မယားနှစ်ဦးတို့သည်ကား ငါးယောက်သော သားသမီးတို့ဖြင့် ကျပ်တည်း စွာ အသက်မွေးရရှာလေ၏။ ဆောင်းအခါသို့တိုင်ရောက်လျှင် သားသမီး ငါးယောက်တို့အား အလယ်ကထား၍ ရှိစုမဲ့စု တင်းတိမ်စောင် အစုတ်အပဲ့ များဖြင့် ခြုံလွှားကာ နွေးစေလျက် လင်မယားနှစ်ဦးမှာမူ အိမ်အနားက ကောက်ရိုးကိုယူပြီး ဘေးပတ်လည်က ထားရလေ၏။ ထိုသားသမီးငါးယောက် ထဲမှ တစ်ယောက်သောသားငယ်ကို 'ပုံ့ပါတိုက်' ဆရာတော်၏ထံ အပ်နှံ သင်ကြား၍ ပညာများပြည့်စုံ၊ ဆရာတော်၏ဂုဏ်ကြောင့် နန်းဘုံနှင့် နီးပြီး လျှင် စာရေးတော်ကြီးအဖြစ် မင်းလှဇေယျသူ ဘွဲ့သစ်ခံရသော 'ဦးချိန်' သည်ကား ဦးပဏ္ဍိအရှင်မြတ်နှင့် ဆရာဒကာ ဖြစ်ကြကုန်၏။

သက္ကရာဇ် ၁၂၂၈ ခုနှစ် ဆန်းစ၌ ဘုန်းတော်ကြီးတစ်ပါးနှင့် ကိုရင် တစ်ပါးသည် မန္တလေးမြို့ အိမ်တော်ရာဘုရားအနောက်မုခ်မှ ဆွမ်းခံရန် အလို့ငှာ ဘုရားထဲသို့ဝင်မည် အလုပ်၊ ထိုအနောက်မုခ်သို့ပင် အဝါနှင့် အဖြူကွက် ပိုးနှင့်ချည် ဖောက်ရက်ထားသည့် ပုဆိုးကိုဝတ်ကာ ခါသာ

---

ပုံ့ပါတိုက်ဆရာတော်ကား ပျံလွန်တော်မူသောအခါ ကိုယ်တိုင်ကူးယူသော မှတ်စု ပုရပိုက်ဆူရေ ၁၇၀၀ ကျော်ကျန်ခဲ့၏။

ဦးချိန်မှာ ၁၂၃၃ ခု၊ ကင်းဝန်မင်းကြီး လန်ဒန်သွားစဉ်က စာရေးတော်ကြီး မင်းလှဇေယျသူ ပင် ဖြစ်၏။ လန်ဒန်က ပြန်သောအခါ မြောင်လှမြို့စား ဝန်ထောက်တော်မင်းဖြစ်၍ ကျမ်းကိုး ၆၀၀ ကျော်နှင့် ကဝိလက္ခဏာဒီပနီကျမ်းကို ရေးသားခဲ့၏။ (ဘိုးဝဇိရ)

mgyoe.com

mgyoe.com

အင်္ကျီ ပဝါနီပေါင်းလျက် လက်တစ်ဖက်မှ ပိန်းတန်းဖိနပ်အပြင် အိမ်တော်ရာထီးကို ချိုင်းတွင်ညှပ်၍ အသားညိုညို၊ အရပ်မြင့်မြင့်၊ နှာတံစင်းစင်းနှင့် နဖူးနားထင်ရင်းကျယ်ကျယ်၊ အသက် ၄၀ အရွယ်ခန့် လူကြီးတစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံလွန်သွားလေလျှင် ဘုန်းတော်ကြီးက–

"ဟော့... မောင်ဝဇီရ၊ စလေဆရာကြီး ကိုပုညဆိုတာ သူပဲကွဲ့။ သူ့ညာဘက်လက် ခပ်သိမ်သိမ် မလိမ်တလိမ်ဖြစ်နေတာသိရဲ့လား၊ ငယ်စဉ်က အထိန်းလက်က လွတ်ကျလို့ မြေကိုင်ထားတာ။ စာရေးတဲ့အခါ ဘယ်ဘက်နဲ့ရေးတာကို ညာလက်နဲ့ရေးတဲ့သူထက် ကောင်းတယ်ကွဲ့၊ စာအပြောင်မှာလည်း ပထမတန်းပေပဲ။ မင်းလည်း ယခုမှ ၁၈ နှစ် ရှိသေးတယ်၊ ဉာဏ်ပဋိဘာန် လျှင်မြန်သားကပဲ၊ ကြိုးစားလျှင် ကိုပုညလို ကျော်ကြားနိုင်တာပဲ" ဟု မိန့်မြွက်သည်ကို မှတ်သားပြီးမှ အစဉ်တစိုက် ကြိုးစား၍ လာခဲ့သော ကိုရင်ဝဇီရသည် ယခု ခွေးချိုတိုက်သို့ တစ်ဖန် စာပြန်၍ သင်စဉ်အချိန်၌ကား အသက်အရွယ် ၂၅ နှစ်ခန့်ရှိပြီးလျှင် ကိုရင်ကြီး ကိုဝဇီရဟူ၍ များစွာ ကျော်ကြားလျက် ရှိလေ၏။

ကိုရင်ကြီး ကိုဝဇီရသည် ဆရာဘုန်းတော်ကြီး အရှင်ဦးပဏ္ဍိနှင့် ဆက်သွယ်၍ ယခင်ဖော်ပြခဲ့သော ဝန်ထောက်တော်မင်း ဦးချိန်နှင့်လည်း သားရင်းပမာ များစွာခင်မင် အကျွမ်းဝင်လျက် ထိုဝန်ထောက်မင်းထံ၌ ပညာအဖြာဖြာ ဗဟုသုတအရာရာတို့ ထပ်ကာ ဆည်းပူးရယူပြန်လေ၏။ ဤသို့ ဝန်ထောက်မင်းနှင့် ချစ်ကျွမ်းဝင်ခြင်းကား–

လွန်ခဲ့သော ၆ နှစ်ခန့်က အရှင်ပဏ္ဍိသည် စာရေးတော်ကြီး ဦးချိန်၏ အိမ်တော်သို့ ကြွရောက်သွားရာ ဆရာဒကာဖြစ်သည့်အတိုင်း သာသနာရေး၊ နိုင်ငံရေး၊ အင်္ဂလိပ်လူမျိုးတို့၏အမြင်ကျယ်ပုံ၊ ပြင်သစ်–ဂျာမနီတို့၏ သဘောထားများပါ စပ်မိစပ်ရာ ဟောပြောနေကြရာမှ–

"အရှင်ဘုရား တပည့်ထဲက တော်တော် ဗဟုသုတအခြေခံနှင့် ဉာဏ်ကောင်းသော သာမဏေတပည့်တပန်းများ မရှိဘူးလားဘုရား့"

"ကျုပ်တပည့် ၄၀ ကျော်ထဲမှာတော့ ကိုရင်ဝဇီရဆိုတဲ့ ကိုရင်တစ်ပါးဟာ တော်တော်ထူးချွန်တဲ့ပါရမီရှိတာပဲ ဒကာကြီး"

"သင်ရိုးစာနှင့် ကဗျာလင်္ကာတို့ တော်တော်ဉာဏ်သွားရဲ့လား ဘုရား၊

mgyoe.com

mgyoe.com


တပည့်တော်စိတ်ထဲမှာ အဲသည်လို ဉာဏ်ပဋိဘာန် လျင်မြန်ထက်မြက်တဲ့ ပုဂ္ဂိုလ်လူးကလေးများကို များစွာ အားပေးလိုတဲ့ဆန္ဒ ပြင်းပြစွာ ရှိပါတယ် ဘုရား"

"ဒကာကြီးဆီ လွှတ်လိုက်ပါ့မယ်၊ စုံစမ်းကြည့်သေးတာပေါ့"

"ဒါဖြင့်ဘုရား၊ တပည့်တော်လည်း ထီးလင်းတိုက်ထဲမှာ စာရင်းတွေ လုပ်နေရတယ်၊ အဲသည်ကို လွှတ်လိုက်ပါတော့ဘုရား" ဟု ပြောဟော ကြပြီးလျှင် ဘုန်းတော်ကြီးလည်း ကြွသွားလေ၏။

မင်းတုန်း မင်းတရားလက်ထက် နေပြည်တော်အတွင်း မင်းပေး ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ပျံလွန်တော်မူလျှင် မင်းတရားကြီးက စရိတ်ငွေတော်အကုန်အကျခံ၍ သင်္ဂြိုဟ်တော်မူမြဲဖြစ်သည့်အတိုင်း တံဆိပ် ရ ထီးလင်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူသဖြင့် မင်းတုန်းမင်း တရားကြီး အမိန့်တော်နှင့် စာရေးတော်ကြီး မင်းလှဇေယျာသူ 'ဦးချိန်' သည် ထီးလင်းတိုက်သို့သွား၍ အမြဲစောင့်ကြပ်စာရင်း မှတ်သားကြည့်ရှု စီမံခန့်ခွဲ လျက် နေလေ၏။ ထိုကဲ့သို့ မှတ်သားကြည့်ရှုနေစဉ် ဝဝတုတ်တုတ် အသား မည်ို့တညို၊ အရပ် ၅ ပေခန့် ကိုရင်ကလေးတစ်ပါးသည် စာရေးတော်ကြီး အပါးသို့ ရောက်လာလေလျှင်–

"ကိုရင် ဘယ်ကျောင်းတိုက်က ဘာကိစ္စနှင့် တပည့်တော်ဆီ လွှတ်လိုက်လို့"

"ခံပင်ကန်တိုက်ဘုန်းတော်ကြီး ဒကာကြီးဆီသွားချေလို့ လွှတ်လိုက် လို့"

"အော် အော် ကြွပါ၊ အဲသည် ကုလားထိုင်ပေါ်မှာ ထိုင်ပါ။ ကိုရင် ဝဇီရဆိုတာ ကိုရင်ပဲကိုး၊ စာတော်တော်ပေါက်ပါပြီလား"

"ဟုတ်ကဲ့...၊ အသင့်အတင့်တော့ ပေါက်ပါပြီ"

ထိုအခါ၌ စာရေးတော်ကြီးသည် စက္ကူတစ်ရွက်ပေါ်သို့ ခဲတံနှင့် ရေးပြီး လျှင် 'အဲဒါ တပည့်တော်ရေးတဲ့စာပဲ၊ ဘာအဓိပ္ပာယ်ဆိုလိုတာလဲ လို့ အဓိပ္ပာယ်ရှင်းပြစမ်းပါ။ ရော့ ခဲတံနဲ့စက္ကူ"

mgyoe.com

mgyoe.com

မင်းလှငယ်ယူသူရေး-ဘုန်းတော်ဘွဲ့
လေးပိုဒ်ချိုး

ညဏ်သတ္တုပဲ့နှိပ်နယ်။ ပုဏ္ဏာန်းပွယ်ယင်ကြိုလို့၊ မဂဓိုပြည်
ဂီရိဗ်လို၊ မန်းဗျာဒိတ်ဝယ်။ ။ ကွာ ပိန္နာကျန်သိုင်းနှင့်၊ ခိမိုင်းကြော့
ရဒ္ဒဇယ်၊ ပြင်ကျယ်ကြီး မာန်လှည်း။ ထည်ကဗျာ –ကြည်သရာ–
ရည်ကို မျှော်၍၊ မြီပေါ်မှာ–ကြာလေလန်းပါလိမ့်မယ်၊ မန်းမြို့
ကမ္ဘည်း။ ။

ကိုရင်ဝဇိရသည် စက္ကူနှင့် ခဲတံကို ဆွဲယူပြီးလျှင်–
ညဏ်–ထိုးထွင်း၍ သိတတ်သော သဘောညဏ်။

* သေတ္တု=အကိုက်အဖု–အဆိအဥဟော၊ ထို့ကြောင့် ရှင်အုံးညိုဆို
ဂါထာခြောက်ဆယ်ပျို့တွင် အကိုက်အဖု၊ မြသေတ္တု သို့–ဟု စပ်လေသည်။
ပဲ့နှိပ်=ပဲ့က နှိပ်၍ ဖွင့်ပိတ်ရသော ပဲ့နှိပ်ဓား၊ 'ပနှိပ်ဓား' သင်တုန်းဓား၊
မောင်းချဓားကို ဆိုသည်။ ထို့ကြောင့် နန်းဖွင့်ရတုဦ ပဲ့နှိပ်စိန်တပ်၊ ရွှဲထွင်း
အပ်သို့–ဟု စပ်ဆိုသည်။ နယ်=ဥပမာ အနက်ဦဖြစ်သည်။ လက်ဖြင့်
ဆုပ်နယ်၊ ကြာပွင့်နယ်။ ညှိုးငယ်မဲ့မျက်နှာ ဟု သတ်ပုံသစ်တွင် စပ်ဆိုသည်။
ပုဏ္ဏာန်း=နတ်ဝင်ဟော၊ အိပ်လိုရဟန်း။ စားလိုမှန်း၊ ပုဏ္ဏာန်း လုပ်ပါလေ–
ဟု သတ်ပုံသစ်တွင် စပ်ဆိုသည်။ ပွယ်=နတ်တင်သည်။ ထို့ကြောင့် အသွယ်
အသွယ်၊ နတ်ပွဲပွယ်=ကဝိလက္ခဏာ။ ယင်=ကျင်းပ တင်သသည်။ ကြို=
နတ်ပွဲ ကျင်းပသည်ပင်၊ တောင်သမန်အင်းများမှာ နတ်ဝင်တို့စုပြီး ကျင်းပ
သည်ကို တောင်မကျည်းနတ်ကြိုသည်ဟု ဝေါဟာရအပြောအဆိုရှိသည်။
မဂဓို=မဂဓရောဇ်တိုင်း ရာဇဂြိုဟ်ပြည်။ ဂီရိဗ်=ဂီရိဗ္ဗဇ=တောင်များ ခြံရံသည်။
လို=ဥပမာ အနက်ဟော။ မန်းဗျာ ဒိတ်=ဘုရား ဗျာဒိတ်အရ တည်သော

* သေတ္တု–ရုပ်သွင်ထွားနု၊ ကြာသေတ္တုသို့၊ ယုယုယယ၊ ပျို့မျစ်လှသား။ နဝရတ်ပျို့။ ။
ရွှေငွေရောရု၊ ကျောက်သေတ္တုဖြင့်၊ ယခုတိုင်အောင်၊ ဘုံခန်း။ ။ ကြာသေတ္တုသို့၊ နုနုထွားထွား၊
ထိုင်းမသားလျှင်။ အလင်္ကာကြီး။ ။ ရွက်ကြောရှိမ်းရှိမ်း၊ စိမ်းလတုံလှ၊ အညာ့သေတ္တု၊ မြကိုပြုသို့။
သူဌေးခန်း။ ။ အချို့မူဦ သစ်တု–ဟုရှိသည်။ အကျွန်ုပ်သည်ပင် ဤမျှရှာဖွေနိုင်သေးရာ အဘိုးကြီး
မှာ ထို့ထက်စုံလင်မည်ကား မလွဲတန်ရာ။ စာရေးတော်ကြီး ကျေနပ်သည်သာ ပမာန ဖြစ်ပါ၏။
(စာရေးသူ)

mgyoe.com

mgyoe.com
မန္တလေးရွှေမြို့တော်ကြီးကို ဆိုသည်။ ထို့ကြောင့် ထိုအကြောင်းကိုရည်၍ မင်းတရားကြီး၏လွှတ်တော်၊ အဝေးရောက်မင်း၏ညီ၊ ဒင်္ဂါးရုံတော် ဘော်လဲခန်း လူကြီးမင်း ဦးဘိုးခေါင် "ရဟန်းဝတ်စဉ်ဘွဲ့ ဦးအရိယ" ရေးသားသော နေသရ–လသရနိဒါန်းတွင်။ မှတ်ဘိနောင်လာ၊ နိဒါန်းဖြာပိမ့်၊ မြတ်စွာပရမေ၊ သုံးလူ့ဆွေဇျှင်၊ ဖြန့်ရွှေစကြာ၊ ဒေသစာဖြင့်၊ သေလာဂိရိ၊ လှည့်ခဲ့ချီသော်၊ ဂုဏ်ဆိပျံ့မွှေး၊ မန္တလေး ဟု၊ မည်ပေးတံဆိပ်၊ ရွှေတောင်ထိပ်၌၊ နင်းနိပ်ရပ်တန့်၊ လက်တော်ဆန့်၍၊ အဝှန့်ရှည်စွာ၊ ဤ နေရာတွင်၊ "* နှစ်ဖြာသုည၊ ဗုဒ္ဓကျန္နာ"သာသနာဝယ်၊ ကြီးစွာရွှေပြည်၊ တည်အံ့သည်ဟု၊ သုံးမည်လူ့မှန်၊ နာဂဉာဏ်ဖြင့်၊ အာနန်ထေရ်မြတ်၊ ညီတော်ထွတ်အား၊ ရွတ်ကြားသံလှိုင်း၊ ဗျာဒိတ် တိုင်းဖြင့်၊ သံပိုင်းသိုက်လာ၊ ညီညွတ်စွာ၍၊ ရတနာပုံ၊ ကမ္ဘည်းခြံသည်၊ ရိပ်မြုံသာစည်၊ ထိုရွှေပြည်ကား စသည်ဖြင့် စပ်ဆိုလေသည်။

ဝယ်=အာဒါရ၊ ကွာပိန္နာ=ကု+အာပ+ဣန္ဒ=ကု=မြေ၊ အာပ=ရေ၊ ဣန္ဒ=အစိုးရခြင်း၊ ရေမြေကို အစိုးရသော မင်း (ဧကက္ခရ ကောသသဒ္ဒါငယ်) ကျန်သိုင်း မိမိုင်း=အကြီးအကဲဟော၊ ထို့ကြောင့် မင်းနဝဒေး "ဦးနု" ဆို၊ လောကဝိဒူမော်ကွန်းတွင် စောခီးသုမမ္ဗ "ကျန်သိုင်း" တည်းဟူ၍လည်းကောင်း၊ ရတနာဗိမာန်ကျောင်း ကျောက်စာတွင် မပျက်မိမိုင်း၊ စိုးကွပ်တိုင်းသား၊ မကိုင်းကြီးတောင်ဟူ၍လည်းကောင်း စပ်ဆိုကြသည်။ ကြော့=ယဉ်ကျေးခြင်းအနက်၊ ရဒ္ဒဇယ်=ရဒ္ဒ=စစ်၊ ဇယ်=ဇေယ=အောင်ခြင်း=စစ်ထိုးခြင်း၌ အောင်မြင်သောမင်း၊ ပြင်ကျယ်ကြီး မာန်လှည်း=မာန်=ရန် လှည်းပယ်ချ၊ ဖြတ်လှည်းသည်။ ကြီးကျယ်သောရန်ကို ရှင်းလင်းပယ်ချသည်။ ထည်=အထည် ကိုယ် ဒြပ် ဟော=အထည်အလိပ်ဟော။ ကဗျာ=ပညာရှိတို့ ဖွဲ့ဆိုအပ်သော ဥစ္စာ၊ "ကဗျာဗန္ဓတိတိကဝိ"၊ ကြည်သရာ=ကေသရာဇာခြင်္သေ့ မင်းကို ဆိုလိုသည်။ ထို့ကြောင့် ကြည်သရာရောင်၊ ငါမင်းခေါင်ကို၊ ငတောင်ငယော၊ နှုတ်ပလေနှင့် စသဖြင့် တွင်းသင်းမင်းကြီး စပ်ဆိုသည်။

---

* နှစ်ဖြာသုည–၀၀။ ဗုဒ္ဓ–၄။ ကျန္နာ–၂။ ၂၄၀၀၊ သာသနာသက္ကရာဇ် ၂၄၀၀–ဆိုလိုသည်။ မန္တလေးမြို့ရိုးတစ်ဖက် တာ ၆၀၀–စီ၊ လေးဖက် တာ ၂၄၀၀–အရှည် တည်ထားခြင်းမှာ၊ သာသနာသက္ကရာဇ် ၂၄၀၀ တွင် တည်ထားသောကြောင့် ဖြစ်သည်။(စာရေးသူ)

mgyoe.com

mgyoe.com

ရည်=ပြတ်အောင်ဖြတ်သည်။ တန္တစိမ်းချည်၊ သံယောဇဉ်ကို၊ ဖြတ်ရည်ပိုင်းပိုင်းဟု ဆုတောင်းခန်းတွင် စပ်ဆိုသည်။ မြော်=မြော်မြင်သည်။ မြီ=မြေ၊ "ရခိုင်စကား"၊ ထို့ကြောင့် ရခိုင်ဥက္ကာပျံဆို မိုးဘွဲ့ဧကပိုဒ်ရတု၌ အောက်အာကာဇ္ဈိ၊ ဝါယောထွိ၍၊ လီထက်ကားရီ၊ ရီထက်မြီနှင့်၊ ပထဝီဟု၊ ထုထုနှစ်သိန်း စသည်ဖြင့် စပ်ဆိုပါသည်။ ကမ္ပည်း=ကမ္ပာယ=အစဉ် တည် အောင်ရေးသောစာ၊ အစဉ်တည်ရစ်ခြင်းဟု ဖြေဆိုလေ၏။

စာရေးတော်ကြီးသည် ကိုရင်ဝဇီရ၏အဖြေကို ကြည့်ပြီးလျှင် အလွန်အားရနှစ်သက် ကျေနပ်တော်မူလှသဖြင့် "ပြည့်လည်း ပြည့်စုံပါပေတယ် ကိုရင်၊ အကိုးအကားနှင့်တကွ ကိုရင်လို မြန်မြန်ထက်ထက် ဖြေဆိုနိုင်သူ လွှတ်ရုံးငါးရပ်မှာကို တစ်ဦးမှ မတွေ့သေးဘူး။ တပည့်တော်ကလည်း ဝဝ၊ ကိုရင်ကလည်း တုတ်တုတ်ဝဝ၊ တပည့်တော်ကို အဘကဲ့သို့လည်းကောင်း၊ ဒကာကြီးကဲ့သို့လည်းကောင်း သဘောထား၊ တပည့်တော်ကလည်း ကိုရင့်ကို သားလို သဘောထားမယ်။ တပည့်တော်၏အိမ်ကိုလည်း ဝင်ထွက်သွားလာနော်။ ကိုရင်ဟာ ပဥ္စင်းတက်လျှင်လည်း ကျော်လိမ့်မယ်၊ လူထွက်လျှင်လ ည်း ခဏနဲ့ ကြီးပွားအောင် တပည့်တော် ကူညီမယ်" ဟု လျှောက်ထားနှုတ်ဆက် နှစ်ဦး ခွဲခွာ၍ သွားကြလေ၏။ ထိုစဉ်အခါကမှ စ၍ ကိုရင်ဝဇီရနှင့် စာရေးတော်ကြီး ဦးချိန်တို့သည် ချစ်ကျွမ်းတဝင် ရှိကြပြီးလျှင် မကြာ မကြာ ပညာဗဟုသုတ နှီးနှောတိုင်ပင်ရခြင်း ဖြစ်လေ၏။

သေနတ်စာရေးကြီး မင်းလှရာဇာသည်ကား သားဖြစ်သူကိုရင် ဝဇီရ၊ ကျောင်းသားအဖြစ်မှ ကိုရင်ကြီးအဖြစ်တိုင် ပညာသင်ကြားပုံတို့ကို မပြတ်လာရောက်ကြည့်ရှု၊ သားဖြစ်သူက ကျောင်းအပေါ်ထပ်က စာလိုက် နေသံကို ကြားရလျှင် အားရဝမ်းသာစွာ ကျောင်းအောက်က နားထောင် လျက် "ကိုရင်သည်နှစ် မည်သည့်စာကို ရရှိက ဝါကျွတ်၍ ရှင်လိင်ပြန် လျှင် အဘယ်ပုဆိုး၊

---

အထက်ပါ ကိုရင်ဝဇီရ၏အဖြေမှာ ထိုစဉ်အခါက ဖြေကြားသော မူရင်းအတိုင်း မဟုတ်သေး။ ယခု အသက် ၈၅ နှစ်မှ ထိုစဉ်က ဖြေပုံ ပြန်ပြောစမ်းပါဆိုသဖြင့် မှတ်မိသမျှ ပြောခြင်းသာဖြစ်၏။ အဖြေမူရင်းနှင့် ရတနာဂူဆောင်းပါးပါသော သတင်းစာကို ခင်မကန်တိုက်ဦး သီလာစာရ ဆရာတော် ယူသွားသည်ဟု သားဘုန်းကြီး မိန့်၏။ ဦးသီလာစာရဆရာတော်လည်း ပျံလွန်တော်မူသည်ဖြစ်ရာ အများသုတရှင်အကျိုးငှာ သိမ်းဆည်းထားသော တပည့်များထံမှ နောက်ထပ် ရကောင်းရရှိလိမ့်မည်ဟု မျှော်လင့်ရ၏။ (စာရေးသူ)

mgyoe.com

mgyoe.com

အဘယ်အကျိုး၊ အဘယ်ပဝါ ဝယ်ပေးမည်” စသည်ဖြင့် အားပေးစကား ပြောကြားလေ့ရှိပေ၏။ ကိုရင်ဝဇီရမှာ ခွေးချိုတိုက်တွင် ပညာများသင်ကြား၍ အသက် ၂၆ နှစ်အရွယ်သို့ဝင်ရောက်သောအခါ * နံ့သာနန်း ခုံမင်းဦးကြီး အရင်း ဦးနှင်းက “မောင်ရင် ပဉ္စင်းတက်နိုင်လျှင် တက်ပါ၊ မတက်နိုင်လျှင် လူထွက်ပြီး တပည့်တော်နှင့်အတူနေပါ။ ဒါမှ ကြီးပွားမည်” ဟု လျှောက်ထားသဖြင့် ကိုရင်ကြီးအဖြစ်မှ နောက်ဆုံး လူဝတ်လဲလေသတည်း။

မြန်မာဘုရင်မင်းမြတ် လက်ထက်တော်က ဘုန်းတော်ကြီးကျောင်းများသည် ယခုအခါ ယူနီဘာစီတီ သိပ္ပံကျောင်းကဲ့သို့ လောကီလောကုတ္တရာ ပညာအဖြာဖြာတို့ကို ဆည်းပူးသော ဌာနကြီး ဖြစ်ပေ၏။ အချို့ စာသင်သားတို့မှာ ဗဟုသုတ အသက်မွေးဝမ်းကျောင်းမှု တစ်ခုခု မပြည့်မစုံမချင်း ကိုရင်ကြီးအဖြစ်နှင့်သာ သင်ကြားကြသည်မှာ မှတ်သားဖွယ်ရာ ဖြစ်၏။ ထိုစဉ်အခါက ပဉ္စင်းအဖြစ်နှင့် မနေနိုင်ဘဲ လူထွက်မည် မှန်က ရဟန်းတို့ ကျင့်ဝတ်သည် အလွန်နူးညံ့သိမ်မွေ့လှသဖြင့် အပြစ်ကို ကြောက်ရွံ့ကြသောကြောင့် အချို့ စာသင်သားတို့မှာ အသက် ၃၀ ကျော် ၄၀ နီးပါးတိုင်အောင် ကိုရင်ကြီးအဖြစ်နှင့် ဆည်းပူးကြလေ၏။ ထို့နောက် အဆိုပါကျောင်းများမှ ထွက်သော ပုဂ္ဂိုလ်တို့သည် လွှတ်ရုံး စာရေး–စာချီမှ အမတ်ကြီးရာထူးအထိ ကြီးပွားကြသူများ ဖြစ်၏။ * လောကနီတိကျမ်း၊ အဘိဓာန်ဋီကာတို့ကို ပြုစုခဲ့သော စတုရင်္ဂဗလအမတ်သည် ဘုန်းကြီးလူထွက်ပင် ဖြစ်၏။ တွင်းသင်မင်းကြီး ဦးထွန်းညိုလည်း ထို့အတူ၊ ပခန်းမင်းကြီးသည် ဆရာတော်။ ကင်းဝန်မင်းကြီး ဦးကောင်းသည် ဆယ်ဝါရရဟန်း ငယ်၊ ဆရာတပည့် အတူတူထွက်၍ မည်မျှကြီးပွားကြသည်ကို သတိပြုသင့်ကြ၏။ ယခုအခါ၌ ငွေကြေးအကုန်အကျခံ သင်ပြီးမှ ရာထူးရာခံရသည်မှာ ဝမ်းနည်းဖွယ် ဖြစ်၏။ ခင်မကန်တိုက်အုပ်ဆရာတော် ဦးပဏ္ဍိထံမှ ထွက်ကြသော တပည့်များမှာလည်း ကြီးပွား ထွန်းကားကြသူချည်းဖြစ်ရာ ကိုရင်ဝဇီရမှာ ကဗျာလင်္ကာဘက်က အကျော်ဆုံး ဖြစ်၏။

---

* ဘုရင်မင်းမြတ် နံ့သာနန်း၌ ခုံတော် ခြောက်ဦးရှိ၏။ ဦးနှင်းမှာ မင်းကင်း တောင်တွင်းချောင်နှစ်မြို့ ခုံတော်ဖြစ်၍ ကိုရင်ဝဇီရ၏မိခင် ဒေါ်ခို၏မောင်အရင်း ဖြစ်၏။

* ဘုန်းကြီးလူထွက်တို့ကား အစက လူထွက်မည်စိတ်မကူး၍ ပဉ္စင်းတက်ကြဟန်တူ၏။

mgyoe.com

 mgyoe.com


ကိုရင်ဝဇိရမှာ လူဝတ်မလဲခင်ကပင် တရားဓမ္မသည် တတ်ကျွမ်းလိမ္မာမှ ပညာရှိကဝိလက္ခဏာရောက်၍ ကြီးမြောက်နိုင်မည်ကိုလည်းကောင်း၊ ကန်တော်မင်းကျောင်းဆရာတော်ရေး လောကသာရပျို့တွင် ဆရာမနှ၊ ရသေ့ပြုသည်၊ လူမှုဆုံးဖြတ်၊ ဓမ္မသတ်နှင့်၊ ညီညွတ်မယွင်း။ ။ နေမိငရဲခန်းတွင်၊ တရားဓမ္မသတ်၊ လောကဝတ်လည်း၊ တတ်မှဘုံသာ၊ ခဲယဉ်းစွာလျက်၊ စဉ်လာထုံးကြန်၊ ရှေးသူမွန်တို့၊ မှန်ကန်မြွက်ဟ။ ။ ကိုးခန်းပျို့တွင်၊ သင်းသီးဓမ္မသတ်၊ လောကဝတ်လည်း၊ မှုးမတ်မင်းလို၊ အတိုအရှည် စသောကဗျာလင်္ကာတို့ ဖတ်ရသဖြင့်လည်းကောင်း၊ ရှေး ပညာရှိများ ရေးသားထားခဲ့သော ✱ဓမ္မသတ်ကျမ်းလင်္ကာများကို ဆည်းပူး မှတ်သားလေ့လာခဲ့လေ၏။

ကိုရင်ကြီး ကိုဝဇိရ ဟူသော အမည်သည်ကား မန္တလေး နေပြည်တော်နှင့်တကွ အနီးအဝေးမှာပင် များစွာ ကျော်ကြားလျက် ရှိလေ၏။ ထိုကိုရင်ကြီးအဖြစ်နှင့် နေစဉ်မှာပင် မေတ္တာစာ၊ မှာတမ်း၊ လေးချိုး၊ ဒွေးချိုး၊ ရတု၊ ရကန်၊ အဲ၊ အန်၊ သံချို၊ သာသနာလျှောက်မှစ၍ မည်သူက လာရောက်ခိုင်းစေကာမူ မဆိုင်းမတွ ရေးပေးလေ့ရှိသဖြင့် လူကိုမမြင်ဖူးဘဲ စာကိုဖတ်ဖူးရုံနှင့်ပင် တပည့်ခံလိုသူ၊ ချစ်ကျွမ်းဝင်လိုသူတို့မှာ ပေါများခဲ့လေ၏။ အချို့ဆရာတော်တို့မှာ ရဟန်းသာမဏေတို့အား စာပေသင်အံပို့ ချဖော်ရသည့်အတွက် လူဝတ်လဲသည်ကို နှမြောတသကြကုန်၏။

ကိုရင်ကြီးအဖြစ်နှင့် နေစဉ်ကပင် မိမိ သိနားလည်လိုသော အကြောင်းအရာတစ်ခုအတွက် အဓိပ္ပာယ်မရှင်းလင်းဘဲ မှတ်သားနာယူလေ့မရှိသဖြင့် အချို့ ရဟန်းတော်တို့မှာလည်း ကိုရင်ဝဇိရ၏ မေးမြန်းချက်ကို မရှင်းလင်းနိုင်သောကြောင့် ခပ်ရှုံ့ရှုံ့ဖြစ်၍ နေကြလေ၏။

၏၊ ၍၊ ဌ၊ ဍ အက္ခရာ အမှတ်အသားတို့မှာ ကိုရင်အဝတ်နှင့်နေစဉ်က မှတ်သားခဲ့သော သင်္ကေတများ ဖြစ်လေ၏။

'၏'မှာ ရှေးက 'ဧည့်' ဟု ရေးသား၏။ နောက် နိဿယဆရာတို့က အရေးကျဉ်းစေခြင်းငှာ 'သည်' ကို 'သ်' ဟုရေးသကဲ့သို့ 'ဧည့်' ကို '၏' ဟု

---

✱ဓမ္မသတ်အရာ၌ ဘိုးဝဇိရ ကျွမ်းကျင်ပုံတို့ကို ဒုတိယအုပ် ထုတ်ပြစ်က ပါရှိဖတ်ရှုရပေလိမ့်မည်ဟု မျှော်လင့်ရန် ဖြစ်ပါကြောင်း။ (စာရေးသူ)

mgyoe.com